# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကပ်ငြိစိတ်မရှိသူ**

နိဗ္ဗာန်ကို အားကြီးစွာ လိုလားသည်ဖြစ်၍ စိတ်ဖြင့် တွေ့ထိကာ ကာမဘုံတို့၌ ကပ်ငြိစိတ်မရှိသူကို အထက် အကနိဋ္ဌာဘုံသို့ အစဉ်အတိုင်း သွားမည့်သူဟု ဆိုအပ်၏။

ပိယဝဂ်(ဓမ္မပဒ – ၂၁၈)


၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် ၂၀၂၄ ခုနှစ်၊ မတ် ၁၉ ရက်၊ အင်္ဂါနေ့ အတွဲ (၆၃)၊ အမှတ်(၁၇၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေး အတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံရေးမပြေလည်မှုများကြောင့် လက်နက်ကိုင်လမ်းကြောင်းသို့ ရောက်ရှိနေသည့် အဖွဲ့အစည်းများအနေဖြင့် အစဉ်သဖြင့် ဖွင့်လှစ်ပေးထားသည့် တွေ့ဆုံဆွေးနွေးရေးများဖြင့် (NCA) လမ်းကြောင်းမှတစ်ဆင့် နိုင်ငံတော်ထာဝရတည်ငြိမ်အေးချမ်းရေးအတွက် အဖြေရှာကြရန် လိုအပ်မည်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ (၂၀၂၄ ခုနှစ်၊ မတ်လ ၁၉ ရက်)

**ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ ၂၀၂၄ ခုနှစ်၊ မတ်လ (၁၉)ရက်နေ့တွင် ကျရောက်သည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် မွန်ပြည်နယ်နေ့ မင်္ဂလာနေ့ထူးနေ့မြတ်အခါသမယ၌ မွန်ပြည်နယ်နှင့် ဒေသအသီးသီးတွင် ရောက်ရှိနေကြသော မွန်တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာသုခချမ်းသာကြ၍ ကောင်းကျိုးလိုအင်ဆန္ဒများပြည့်ဝလျက် ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မွန်တို့ဌာနေ ရာမညမြေဖြစ်သော မွန်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့သည်မှာ ၂၀၂၄ ခုနှစ်၊ မတ်လ(၁၉)ရက်နေ့တွင် နှစ်(၅၀)ပြည့်မြောက်ပြီဖြစ်ပါသဖြင့် ရွှေရတုအထိမ်းအမှတ်နှစ်အဖြစ် သမိုင်းဝင်မော်ကွန်းတင်ပြီး အောင်လံစိုက်ထူကမ္ပည်းရေးထိုးနိုင်ခဲ့ပြီဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖



## ဟိုပုံးမြို့ နောင်ဘိုကန် သာယာလှပရေးလုပ်ငန်းများပြီးစီး၍ ပြည်သူများ အပန်းဖြေနိုင်ပြီ

ဟိုပုံး မတ် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနမှ ဖြည့်စွက်ရန်ပုံငွေကျပ် ၁၉ ဒသမ ၅၀ သန်းဖြင့်ဆောင်ရွက်သည့် နောင်ဘိုကန် သာယာလှပစေရေး မြက်စိုက်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ အလှမီးတိုင်စိုက်ထူခြင်းနှင့် ထိုင်ခုံများ ပြုလုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❐

## ဒေသရင်းမျိုးစိတ် ရွှေသမင်များ မျိုးသုဉ်း မျိုးဆက်မပြတ်စေရန် ထိန်းသိမ်းစောင့်ရှောက်ထား

မင်းဘူး မတ် ၁၈

ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဥယျာဉ်မှ ဌာနေဖွား ဒေသရင်းမျိုးစိတ်ရှားပါးစာရင်းဝင် မြန်မာ့ရွှေသမင်များကို မျိုးသုဉ်းမျိုးဆက်မပြတ်စေရန် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း ရွှေစက်တော် ဂေါပကအဖွဲ့ထံမှ သိရသည်။

ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်တွင်ရှိပြီး

*စာမျက်နှာ ၅ ကော်လံ ၁* ◆



**ယနေ့ ဖတ် စ ရာ**


ကမ္ဘာ့ဒေါင်းစင်ဒရုန်းနေ့အထိမ်းအမှတ် အသိပညာပေးဆောင်းပါး — ဆောင်းပါး စာ ၁၀

မြဝတီကုန်သွယ်ရေးဇုန် ကြက်သွန်နီနှင့် ပီလောပီနံခြောက်များတင်ပို့ — စီးပွားရေးသတင်းများ စာ ၁၂

**❖ ပြည်သူလူထုအသိများ၊ အမြင်များ၊ အလုပ်အကိုင်များအောင် ကောလာဟလများကို ဖြန့်ချိ၍ အဆိုးမြင်စိတ်ခံစားမှုကို အဆုံးထိမြှင့်တင်ပေးပြီး ပြည်သူကိုစတေးကာ နိုင်ငံရေးအမြတ်ထုတ်မှုများကိုလည်း အသိဉာဏ်ဆင်ခြင်တုံတရားဖြင့် သတိထားကြရမည်၊ တော်လှန်ရေးဟူ၍ အမည်တပ်ကာ မိမိတို့အား ထောက်ခံသူများနှင့် မသိနားမလည်သူများ၏ ဘဝများကို ရင်းနှီးစတေး၍ အာဏာကို အချောင်ရယူရန် ကြိုးပမ်းအမြတ်ထုတ်နေကြသူများ၊ ခေါင်းစဉ် အမျိုးမျိုးတပ်၍ လိမ်လည်လှည့်ဖြားကာ ကိုယ်ကျိုးရှာသူများကိုလည်း ဝိုင်းဝန်းဖော်ထုတ်နိုင်ရေး ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်**

❖ *ရှေ့ဖုံးမှ*

မွန်ပြည်နယ်ဟု သတ်မှတ်ခေါ်ဝေါ်ခြင်းမပြုမီ ယခင်က မွန်ပြည်နယ်၏ နယ်မြေများဖြစ်သည့် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့ကို တနင်္သာရီတိုင်း အမှတ်(၁)အဖြစ်လည်းကောင်း၊ ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်တို့ကို တနင်္သာရီတိုင်း အမှတ်(၂) အဖြစ်လည်းကောင်း သတ်မှတ်ဖွဲ့စည်းခဲ့ကြပါသည်။ လွတ်လပ်ရေးရရှိပြီး ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တနင်္သာရီတိုင်း အမှတ်( ၁ )အား မွန်ပြည်နယ်အဖြစ် ကမ္ဗည်းတင်ရေးထိုးခဲ့သည့် မတ်လ(၁၉)ရက်နေ့ကို မွန်ပြည်နယ်နေ့အဖြစ် သတ်မှတ်ကာ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများဖြင့် နှစ်စဉ်ဂုဏ်ပြုကျင်းပပြုလုပ်ခဲ့သည်မှာ ရွှေရတုကာလတိုင် နှစ်(၅၀)ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

မွန်တိုင်းရင်းသားများသည် မြန်မာနိုင်ငံအတွင်းသို့ အစောဆုံးဝင်ရောက်နေထိုင်သော လူမျိုးများဖြစ်ပြီး ဂေါတမမြတ်စွာဘုရားရှင်ပွင့်တော်မမူမီကာလကတည်းက သထုံဒေသဝန်းကျင်တွင် သုဓမ္မဝတီနိုင်ငံအဖြစ်တည်ရှိခဲ့ကာ ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုသုခုမပညာများ ပြန့်ပွားခဲ့ပြီး ယနေ့အထိ ထိန်းသိမ်းလျက်ရှိသည့် သမိုင်းကောင်းများမှာ ပြည်နယ်အတွက် ဂုဏ်ယူဖွယ်ရာများဖြစ်ပါသည်။

မွန်ပြည်နယ်သည် ထင်ရှားကျော်ကြားသည့် သာသနာပြုမင်းကောင်းမင်းမြတ်များ၊ ရဟန်းပညာရှိများ၊ လူပညာရှိများ၊ ကျမ်းဂန်တတ်စာပေပညာရှင်များ၊ သူရသတ္တိထက်မြက်သည့် သူရဲကောင်းများ ထွန်းကားခဲ့သော သမိုင်းအစဉ်အလာရှိခဲ့သည့် ပြည်နယ်ဖြစ်သည့်အပြင် မွန်လူမျိုးတို့၏ ဘာသာစာပေ၊ ယဉ်ကျေးမှုအနုပညာများ အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည့် အစဉ်အလာကောင်းသော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

မွန်ပြည်နယ်သည် ပထဝီအနေအထားအရ နိုင်ငံ၏တောင်ဘက်၊ တနင်္သာရီကမ်းမြောင်ဒေသ၏ မြောက်ပိုင်းတွင်တည်ရှိပြီး အရပ်လေးမျက်နှာတွင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဘင်္ဂလားပင်လယ်အော်၊ မုတ္တမကွေ့နှင့် ထိုင်းနိုင်ငံတို့ဖြင့် ဆက်စပ်လျက်ရှိပြီး ရေလမ်း၊ ကုန်းလမ်းဆုံရာ အချက်အချာနေရာတွင်တည်ရှိသော ပြည်နယ်တစ်ခုပင်ဖြစ်ပါသည်။

မွန်ပြည်နယ်သည် ရာသီဥတုကောင်းမွန်မျှတပြီး တောတောင်မြစ်ချောင်းများ၊ စိမ်းလန်းစိုပြည်သောသစ်တောများ၊ သမိုင်းယဉ်ကျေးမှုအမွေအနှစ်များရှိသည့်အပြင် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့်ထိစပ်လျက်ရှိသည့်အတွက် မြေသယံဇာတများ၊ ရေသယံဇာတများ၊ စက်မှုကုန်ကြမ်းထွက်ကုန်များကြွယ်ဝပြီး ဂုဏ်ယူဖွယ်ရာ သာယာလှပသည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

မွန်ပြည်နယ်အတွင်း အံ့ချီးဖွယ်ရာ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအပါအဝင် ရှေးဟောင်းတန်ခိုးကြီးဘုရားများစွာတည်ရှိပြီး သာသနာပြုပုဂ္ဂိုလ်များနှင့် ရှင်အရဟံမထေရ်မြတ်ကြီးတို့က စစ်မှန်သော ဗုဒ္ဓသာသနာတော်တည်တံ့ပြန့်ပွားထွန်းကားရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသဖြင့် သုဝဏ္ဏဘူမိဒေသသည် ဗုဒ္ဓဘာသာ စတင်ထွန်းကားပြန့်ပွားရာ ဒေသဖြစ်ခဲ့သည်ကိုလည်း သမိုင်းမှတ်တမ်းများအရ အထင်အရှားသိမြင်နိုင်မည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

ယခုအခါ မိမိတို့နိုင်ငံသည် ပြည်သူများ၏ လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများထွန်းကားရာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နိုင်ငံအဖြစ်သို့ စတင်လျှောက်လှမ်းနေချိန်ဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် နိုင်ငံသားအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကို လေးစားလိုက်နာခြင်းတို့သည် မရှိမဖြစ် လိုအပ်ပါသည်။ သို့သော်လည်း လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ၊ အာဏာထူထောင်လိုမှုများ၊ သွေးခွဲသပ်လျှိုမှုများ၊ စည်းလုံးညီညွတ်မှုလျော့နည်းလာမှုများ၊ နိုင်ငံ့အကျိုးကို လျစ်လျူရှု၍ ကိုယ်ကျိုးစီးပွားရှာဖွေမှုများ၊ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်အားနည်းမှုများ၊ နိုင်ငံ့အရင်းအမြစ်များကို ပျက်စီးအောင် ဖျက်ဆီးနေမှုများကြောင့် နိုင်ငံနှင့်ပြည်သူများသည် တည်ငြိမ်အေးချမ်းမှုကင်းမဲ့ကာ ဆင်းရဲဒုက္ခများ ကြုံတွေ့နေကြရသည်ကို သတိထားရှုမြင်သုံးသပ်ဆင်ခြင်ကြရမည့်အချိန် ကျရောက်နေပြီဖြစ်ပါသည်။

နိုင်ငံတော်ကိုတည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအင်အားစုများအကြား စည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည့်အစား ကွဲပြားနေသောနိုင်ငံရေးအင်အားစုတို့၏ ငါတကောကောမှုများ၊ ဖွဲ့ထုတ်စည်းရုံးမှုများသည် နိုင်ငံအကျိုးနှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် မြော်မြင်မှုကင်းမဲ့စွာဖြင့် နိုင်ငံကို ထိခိုက်နစ်နာစေသည့် လုပ်ဆောင်မှုများသာဖြစ်ပါသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့တွင်လည်း ခေါင်းဆောင်လုပ်သူတို့က လူမျိုးစုအတွင်း ကျဉ်းမြောင်းသည့် လူမျိုးရေးမုန်းတီးမှုဝါဒကို ရိုက်သွင်း၍ အလွန်အကျွံလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြပြီး ခြံကြီးထဲတွင် ခြံငယ်ခတ်ရန်၊ လှေကြီးပေါ်တွင် လှေငယ်တင်ရန်၊ ပြည်ထောင်စုကြီးပြိုကွဲပျက်စီးစေရန် ပိုမိုအားထုတ်လျက်ရှိနေကြသည်ကို သတိတရားဖြင့် ကာကွယ်ထိန်းသိမ်းကြရန် လိုအပ်မည်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲမသမာမှုများကြောင့် ဖြစ်ခဲ့ရသည့် နိုင်ငံရေးအပြောင်းအလဲအပြီးတွင် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသော NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့နှင့် အခြားဒေသအလိုက် ကာကွယ်ရေးအဖွဲ့အမည်ခံ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အုပ်စုအမျိုးမျိုးတို့ ပေါ်ပေါက်လာခဲ့ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် အချုပ်အခြာအာဏာကို ထိခိုက်ပျက်စီးစေရန်ရည်ရွယ်ပြီး အကြမ်းဖက်မှုမျိုးစုံကို ကျူးလွန်လျက်ရှိနေပါသည်။

ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြရန် မဖြစ်မနေ လိုအပ်သည့်အချိန် ဖြစ်ပါသည်။

တစ်ဖက်တွင်လည်း နိုင်ငံရေးမပြေလည်မှုများကြောင့် လက်နက်ကိုင်လမ်းကြောင်းသို့ ရောက်ရှိနေသည့် အဖွဲ့အစည်းများအနေဖြင့် အစဉ်သဖြင့် ဖွင့်လှစ်ပေးထားသည့် တွေ့ဆုံဆွေးနွေးရေးများဖြင့် (NCA) လမ်းကြောင်းမှတစ်ဆင့် နိုင်ငံတော်ထာဝရတည်ငြိမ်အေးချမ်းရေးအတွက် အဖြေရှာကြရန် လိုအပ်မည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားလျက် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူလူထု၏ဆန္ဒဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေးအခြေခံကျသည့် အုတ်မြစ်မှာ တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးဖြစ်ပါသည်။ ထိုကဲ့သို့ ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းမှုရှိရေးဖြစ်သဖြင့် နိုင်ငံသားအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြဖို့ လိုအပ်ပါကြောင်း တိုက်တွန်းမှာကြားပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူသားတိုင်းအသက်ရှင်ရပ်တည်နိုင်ရေးအတွက် စားဝတ်နေရေးမှာ အခြေခံလိုအပ်ချက်များဖြစ်သဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးရည်မှန်းချက်(၂)ရပ်အဖြစ် ချမှတ်ထားရှိပြီး စိုက်ပျိုးရေးတွင် ကာလဒေသနှင့်ကိုက်ညီသော ထုတ်ကုန်များ ထွက်ရှိလာစေရေး နိုင်ငံသားတိုင်းအကျိုးရှိစေမည့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် အရှိန်တိုးမြှင့်ဆောင်ရွက်စေရေးတို့အတွက် ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့ကို ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ပေးခြင်းသည် နိုင်ငံလူဦးရေအများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ဘဝများ တိုးတက်လာစေရန်ဖြစ်သကဲ့သို့ နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်းမြင့်မားလာစေရန်လည်းဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးမှ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်သွားကြရန်ကိုလည်း တိုက်တွန်းလိုပါသည်။

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက KG+9 အထိ မသင်မနေရသတ်မှတ်ပြီး ဘက်စုံပညာရေးစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်အတွင်း အခြေခံပညာတတ်မြောက်မှုနှင့် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခု ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

ပြည်သူလူထုအသိများ၊ အမြင်များ၊ အလုပ်အကိုင်များအောင် ကောလာဟလများကိုဖြန့်ချိ၍ အဆိုးမြင်စိတ်ခံစားမှုကို အဆုံးထိမြှင့်တင်ပေးပြီး ပြည်သူကိုစတေးကာ နိုင်ငံရေးအမြတ်ထုတ်မှုများကိုလည်း အသိဉာဏ်ဆင်ခြင်တုံတရားဖြင့် သတိထားကြရမည်ဖြစ်ပါသည်။ တော်လှန်ရေးဟူ၍ အမည်တပ်ကာ မိမိတို့အား ထောက်ခံသူများနှင့် မသိနားမလည်သူများ၏ ဘဝများကို ရင်းနှီးစတေး၍ အာဏာကို အချောင်ရယူရန် ကြိုးပမ်းအမြတ်ထုတ်နေကြသူများ၊ ခေါင်းစဉ်အမျိုးမျိုးတပ်၍ လိမ်လည်လှည့်ဖြားကာ ကိုယ်ကျိုးရှာသူများကိုလည်း ဝိုင်းဝန်းဖော်ထုတ်နိုင်ရေးဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် မွန်ပြည်နယ်မှ မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများအပါအဝင် နိုင်ငံနှင့်လူမျိုးကို အမှန်တကယ်ချစ်မြတ်နိုးကြသည့် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ကျရာကဏ္ဍအလိုက် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အခြေခံ၍ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားကြရန် အလေးအနက်ထားဆန္ဒပြုလျက် နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့သို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့ဝင်များ နှစ် (၅၀) ပြည့် ရွှေရတုမွန်ပြည်နယ်နေ့အထိမ်းအမှတ် မွန်ရိုးရာ အဆို၊ အက၊ အတီး ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းပြခန်းများ ဖွင့်လှစ်ပြသရောင်းချနေမှုနှင့် မွန်ရိုးရာ အဆို၊ အက၊ အတီး ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှု ကြည့်ရှုအားပေး

**မော်လမြိုင် မတ် ၁၈**

၂၀၂၄ ခုနှစ် မတ် ၁၉ ရက်တွင် ကျရောက်မည့် နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့ အခမ်းအနားသို့တက်ရောက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများသည် ယနေ့ညနေပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် မော်လမြိုင်လေဆိပ်သို့ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်းရင်းသားရိုးရာအဖွဲ့များက နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရိုးရာအစားအစာများရောင်းချ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့သည် မော်လမြိုင်မြို့ သမိန်ဗရမ်းဘက်စုံသုံးကွင်း၌ နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းပြခန်းများ ဖွင့်လှစ်ပြသရောင်းချနေမှုကို ကြည့်ရှုအားပေးကြသည်။

**ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်**

အဆိုပါ ပြခန်းများကို မွန်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို တိုင်းရင်းသားပြည်သူများ လေ့လာသိရှိနိုင်စေရန်နှင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာ အစားအစာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးရည်ရွယ်၍ ခင်းကျင်းပြသနေခြင်းဖြစ်ပြီး ပြခန်းများအနေဖြင့် လယ်ယာကဏ္ဍ ၁၁ ခန်း၊ စက်မှုကဏ္ဍ ၁၀ ခန်း၊ ဝန်ဆောင်မှုကဏ္ဍ ၁၀ ခန်း၊ ပညာရေးပြခန်း ရှစ်ခန်း၊ ကျန်းမာရေးပြခန်း ရှစ်ခန်း၊ အသေးစား၊အငယ်စား၊အလတ်စား ထုတ်ကုန်အရောင်းပြခန်း ၁၁ ခန်း စုစုပေါင်း ၅၈ ခန်းအပြင် ဒေသတိုင်းရင်းသားရိုးရာ အစားအစာ အရောင်းပြခန်းများကိုလည်း ပြသရောင်းချပေးနေကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့ဝင်များ နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာအရောင်းပြခန်းများ ဖွင့်လှစ်ပြသရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။

**ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့သည် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် မွန်ရိုးရာ အဆို၊ အက၊ အတီး ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကိုကြည့်ရှုအားပေးကြသည်။ **သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန တည်ထောင်သည့် (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် - ၁၀၀၀ သို့ အလှူငွေများပေးအပ်လှူဒါန်း




**နေပြည်တော် မတ် ၁၈**

နိုင်ငံခြားရေးဝန်ကြီးဌာန တည်ထောင်သည့် (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၏ လိုအပ်သည့် နေရာများတွင် အသုံးပြုနိုင်ရန်အတွက် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် - ၁၀၀၀ ဆေးပဒေသာပင်သို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများရှိ ဝန်ထမ်းများက လှူဒါန်းသော အလှူငွေကျပ် ၇၇၀၀၀၀၀ ကို ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးက အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် - ၁၀၀၀ တပ်မှူး ဗိုလ်မှူးချုပ် အောင်မြတ်ကျော်ထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။ (ဓါတ်ပုံ)

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိကြသော ရှေ့တန်းရောက် တပ်မတော်သားများအတွက် ငွေကျပ် ၇၅၀၀၀၀၀ ကိုလည်း နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**အိမ်ပြင်ပဦးထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်းဖြစ်မြောက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် မတ် ၁၈**

မြန်မာနိုင်ငံဒစ်ဂျစ်တယ်မီဒီယာ အသင်း (Myanmar Digital Media Association) ဖြစ်မြောက်ရေး ကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေးသည်။ **(ယာပုံ)**

**ဖြန့်ကြက်ဖွံ့ဖြိုးလျက်ရှိ**

ပြည်ထောင်စု ဝန်ကြီးက မြန်မာနိုင်ငံတွင် လူမှုမီဒီယာ အပါအဝင် ဒစ်ဂျစ်တယ်မီဒီယာ အသုံးပြုမှုများနှင့် ဖန်တီးထုတ်လွှင့်မှုများသည် အချိန်နှင့်အမျှ တိုးတက်မြင့်မားလာနေပြီး မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ကျယ်ပြန့်စွာ နေရာယူလျက်ရှိပါကြောင်း၊ အဆိုပါ အခြေအနေအပေါ်တွင်လည်း ထိန်းသိမ်းကြပ်မတ်ရန် လိုအပ်ကြောင်း၊ ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌ ဒစ်ဂျစ်တယ်မီဒီယာသည် သမားရိုးကျမီဒီယာများအပေါ် လွှမ်းမိုးတည်ရှိလာပြီး အများပြည်သူထံသို့ ပျံ့နှံ့မှုကြီးမားရုံသာမက စီးပွားရေးအရပါ ကြီးပွားတိုးတက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်မီဒီယာကို မီဒီယာပုံစံသစ် (New Media)များသာမက နည်းပညာ အသုံးပြုပြီး လုပ်ဆောင်နေသည့် မီဒီယာလုပ်ငန်းကဏ္ဍမျိုးစုံ ပါဝင်လျက်ရှိပြီး နိုင်ငံတိုင်းတွင်လည်း လွန်စွာ ဖြန့်ကြက်ဖွံ့ဖြိုးလျက်ရှိကြောင်း။

**အကောင်အထည်ဖော်**

အလားတူ မြန်မာနိုင်ငံတွင်လည်း လူမှုမီဒီယာအပါအဝင် ဒစ်ဂျစ်တယ်မီဒီယာ အသုံးပြုမှုသည် နှစ်အနည်းငယ်အတွင်း တစ်ဟုန်ထိုး တိုးတက်လာခဲ့ပြီး အထူးသဖြင့် မိုဘိုင်းဖုန်းနှင့် အင်တာနက် သုံးစွဲနိုင်မှုပမာဏများပြားလာခဲ့ခြင်းကြောင့် လူမှုမီဒီယာအသုံးပြုမှုသည် မြင့်တက်လာခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ မီဒီယာအခင်းအကျင်းတွင် ဒစ်ဂျစ်တယ်နည်းပညာနှင့် ဒစ်ဂျစ်တယ်မီဒီယာများသည် အရေးပါသည့်နေရာတွင် ပါဝင်လျက်ရှိနေကြောင်း၊ ထို့ကြောင့် ဒစ်ဂျစ်တယ်မီဒီယာလုပ်ငန်းများ လုပ်ကိုင်နေကြသူများအား ကိုယ်စားပြုဖွဲ့စည်းထားသည့် အသင်းကြီးတစ်ခု ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်လျက်ရှိသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက "မြန်မာနိုင်ငံ ဒစ်ဂျစ်တယ် မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီ" ကို ဖွဲ့စည်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ အဆိုပါ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ် မီဒီယာအသင်း ဖြစ်မြောက်ရေး ကော်မတီကို ပြောင်းလဲလာသည့် နည်းပညာနှင့်အညီ ဒစ်ဂျစ်တယ်မီဒီယာ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် Digital Media အသုံးပြုသူများ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ဆောင်ရွက်ပေးရန်၊ ဒစ်ဂျစ်တယ်မီဒီယာကို ကျင့်ဝတ်စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ အသုံးပြုစေရေးနှင့် လိုအပ်သည့် အသိပညာပေးမှုများ၊ နည်းပညာမျှဝေမှုများကို စီမံဆောင်ရွက်ပေးရန်နှင့် ဒစ်ဂျစ်တယ်မီဒီယာ အသုံးပြုသူများ အချင်းချင်း အငြင်းပွားမှု၊ တိုင်ကြားမှုများ ပေါ်ပေါက်လာပါက နှစ်ဖက်ညှိနှိုင်းဖြေရှင်းသော နည်းလမ်းဖြင့် ကျေအေးပြေငြိမ်းစေရန် ဆိုသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**ကြိုးကြိုးစားစားဆောင်ရွက်**

ထို့ပြင် မြန်မာနိုင်ငံဒစ်ဂျစ်တယ် မီဒီယာအသင်းတွင် ပါဝင်သင့် ပါဝင်ထိုက်သည့်ပုဂ္ဂိုလ်များ ထပ်မံပါဝင် ဖွဲ့စည်းနိုင်ရေးအတွက် အဆိုပြုတင်ပြရန်လည်း ပြောကြားလိုပါကြောင်း၊ တက်ရောက်လာသည့် တာဝန်ရှိသူပုဂ္ဂိုလ်များအားလုံးက မြန်မာနိုင်ငံဒစ်ဂျစ်တယ် မီဒီယာအသင်းကြီး ခိုင်ခိုင်မာမာဖြင့် ရပ်တည်လာစေပြီး အသင်း၏ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို ကြိုးကြိုးစားစား ဆောင်ရွက်ပေးကြစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေး ကော်မတီအား ဖွဲ့စည်းဆောင်ရွက်သွားမည့် အစီအစဉ်များအား ရှင်းလင်းတင်ပြသည်။

**ဝိုင်းဝန်းအကြံပြုဆွေးနွေး**

ယင်းနောက် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အသင်းဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

◆ *ရွှေဖုံးမှ*

ဧရိယာစတုရန်းမိုင် ၂၁၃ ဒသမ ၄ မိုင် ကျယ်ဝန်းပြီး အပူပိုင်းခြောက်သွေ့သော သန်းဒဟတ်တောများကိုလည်းကောင်း၊ မုန်းချောင်းနှင့်မန်းချောင်း ရေဝေကုန်းတန်းများကိုလည်းကောင်း ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် ၁၉၄၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ကာ ရွှေသမင်စားကျက်နေရာများလည်း ပါဝင်ခဲ့သည်။

ရွှေစက်တော်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဥယျာဉ်မှ ရွှေသမင်များကို ထိန်းသိမ်းစောင့်ရှောက်ထားသည်မှာ ၂၀၁၂ ခုနှစ်မှစတင်၍ နေပြည်တော်ဆာဖာရီဥယျာဉ်နှင့် ပုဂံလောကနန္ဒာဥယျာဉ်တို့မှ အထီး ငါးကောင်၊ အမ ခုနစ်ကောင်ဖြင့် စတင်ကာမွေးမြူထိန်းသိမ်းခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် အထီး ၁၉ ကောင်၊ အမ ၃၅ ကောင် စုစုပေါင်း ရွှေသမင် ၅၄ ကောင်ရှိပြီး အစာကျွေးခြင်း၊ ရေတိုက်ခြင်းနှင့် ဖြည့်စွက်စာများ ဝယ်ယူကျွေးမွေးခြင်းတို့ကို ဂေါပကအဖွဲ့ဝင်များက အနီးကပ်ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

"ကြယ်လိပ်တို့၊ ရွှေသမင်တို့ဆိုတာ ကမ္ဘာ့ရှားပါးမျိုးစိတ် စာရင်းဝင်တွေပါ။ ကျွန်တော်တို့မြန်မာ့ရွှေသမင်တွေ ဆိုရင်လည်း မြန်မာတစ်နိုင်ငံတည်းမှာသာရှိတဲ့ ဌာနေဖွား ဒေသရင်းမျိုးစိတ်တွေဖြစ်ပြီး အလွန်မတန်ရှားပါးတဲ့အတွက် မျိုးသုဉ်းမျိုးဆက်မပြတ်စေရေး၊ ရွှေသမင်သားပေါက်များ တိုးပွားလာစေရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ထားရပါတယ်။ ရွှေစက်တော် ဘုရားပွဲတော်ရာသီနဲ့ ပွင့်လင်းရာသီရောက်ရှိပြီး မင်းဘူး(စကု)မြို့နယ်က အထင်ကရနေရာများကို လာရောက်လည်ပတ်တဲ့အခါ ရွှေစက်တော်ဘေးမဲ့တောဥယျာဉ်က ဒေသရင်းမျိုးစိတ် မြန်မာ့ရွှေသမင်တွေကိုလည်း လာရောက်လေ့လာကြည့်ရှုနိုင်ပါတယ်" ဟု ရွှေစက်တော်ဂေါပက ဒုတိယဥက္ကဋ္ဌ ဦးသိန်းလှိုင်က ပြောသည်။

**ဇေယျာထက်(မင်းဘူး)**

❐ *ရွှေဖုံးမှ*

ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် စည်ပင်သာယာရေး ဌာနမှ ဖြည့်စွက်ရန်ပုံငွေကျပ်သန်း ၁၉ ဒသမ ၅၀ ဖြင့် ဆောင်ရွက်သည့် နောင်ဘိုကန် သာယာလှပစေရေး အလျား ပေ ၂၀၀၊ အနံ ၂၅ ပေ ပေါ်တွင် အလှအုန်းပင်များ၊ စက္ကူပန်းအလှများ၊ တပေဘူတ၊ ကျောက်ထင်းရှူးနှင့် ဂျပန်မြက်များ စိုက်ထည့်ခြင်းလုပ်ငန်းများ၊ အလှမီးတိုင်တပ်ခြင်းလုပ်ငန်းများ၊ ပြည်သူများ အပန်းဖြေနိုင်စေရန် အတွက် အလှထိုင်ခုံများ ပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

အဆိုပါ လုပ်ငန်းများကို ဇန်နဝါရီ ၂၆ ရက်တွင် စတင်အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ နောင်ဘိုကန်ဘေးတွင် ဒေသခံပြည်သူများက လမ်းလျှောက်ခြင်း၊ နေဝင်ဆည်းဆာ အလှအပများ၊ အလှဓာတ်ပုံများ ရိုက်ကူးခြင်းတို့ကို ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

**နေပြည်တော် မတ် ၁၈**

**ထူးခြားသည့် နေ့အပူချိန်များ**

ထူးခြားသည့်နေ့အပူချိန်များမှာ ရမည်းသင်းမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့နှင့် ပြည်မြို့တို့တွင် ၄၀ ဒီဂရီဆဲလ်စီးယပ်စီနှင့် မုံရွာမြို့၊ တပ်ကုန်းမြို့၊ နေပြည်တော် (ဇေယျာသီရိမြို့နယ်)၊ အမ်းမြို့၊ တောင်ငူမြို့၊ ရွှေကျင်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့တွင် ၃၉ ဒီဂရီဆဲလ်စီးယပ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## မိုင်းရှူး၌ မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းဆင်း



**မိုင်းရှူး မတ် ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနက ဆောင်ရွက်သော မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁၇ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းထိုက်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇင်ဖြိုးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။ **(အပေါ်ယာပုံ)**

သင်တန်းကို မတ် ၄ ရက်မှ မတ် ၁၇ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး မီးသတ်တပ်ဖွဲ့၏ အခန်းကဏ္ဍ၊ မီးဘေးအန္တရာယ် အပါအဝင် ဖြစ်ပွားတတ်သော ဘေးအန္တရာယ်များအကြောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုပုံနှင့် ရှေးဦးသူနာပြုစုခြင်း စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ပို့ချခဲ့ပြီး မြို့နယ်အတွင်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းနှင့် လူမှုကူညီအသင်းများမှ အသင်းသား စုစုပေါင်း ၆၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်၌ အခြေခံမြန်မာ့သိုင်း ၆၃ မောင်း လက်ရေးပြိုင်ပွဲကျင်းပ

**မိတ္ထီလာ မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော အခြေခံမြန်မာ့သိုင်း ၆၃ မောင်း လက်ရေးပြိုင်ပွဲကို မတ် ၁၈ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

အခြေခံမြန်မာ့သိုင်း ၆၃ မောင်း လက်ရေးပြိုင်ပွဲ အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကိုပြောကြားကာ မြန်မာ့သိုင်းဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ သိုင်းဆရာကြီး ဦးသောင်းရွှေက အမှတ်ပေး စည်းမျဉ်း စည်းကမ်းများကို ပြောကြားသည်။ ထို့နောက် အခြေခံမြန်မာ့သိုင်း ၆၃ မောင်း လက်ရေးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင် သင်တန်းသား သင်တန်းသူများက ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# တနင်္သာရီတိုင်းဒေသကြီး၏ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကဏ္ဍများ ထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**နေပြည်တော်  မတ်  ၁၈**

တနင်္သာရီတိုင်းဒေသကြီး၏ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကဏ္ဍများ ထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ကော့သောင်းမြို့ မဉ္ဇူသကခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဆီအုန်းခြံကုမ္ပဏီလုပ်ငန်းရှင်များ၊ ရော်ဘာခြံရှင်များ၊ ရေလုပ်ငန်းရှင်များ တက်ရောက်ကြသည်။





**ဆီအုန်းများ တိုးချဲ့စိုက်ပျိုးရန်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြိတ်မှကော့သောင်းအထိ အထွက်နှုန်းကောင်းမွန်သည့် ဆီအုန်းများကို တိုးချဲ့စိုက်ပျိုးရန်၊ ပင်အိုများအား မျိုးကောင်းမျိုးသန့်များဖြင့် အစားထိုးရန်၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးမှုအပြင် လိုအပ်သည့် စိုက်ပျိုးမြေပြုပြင်ခြင်းနှင့် သွင်းအားစုများကို စနစ်တကျထည့်သွင်းပြီး ခြောက်သွေ့ရာသီတွင် ရေရရှိရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံခြားဝင်ငွေ ရှာဖွေပေးလျက်ရှိသော ဈေးကွက်အလားအလာကောင်းသည့် ရာသီသီးနှံများကို မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရန်လိုကြောင်း၊ ကော့သောင်းနှင့် ဘုတ်ပြင်းခရိုင်အတွင်း ရော်ဘာအထွက်နှုန်း ပေါင် ၁၀၀၀ ကျော်အထိ ထွက်ရှိသော မျိုးကောင်းမျိုးသန့်များကို မိမိတို့သုတေသနဌာနမှ စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး သုတေသနပြုဖြန့်ဖြူးလျက်ရှိသော ရော်ဘာမျိုးများသည် တောင်သူကြိုက်နှစ်သက်သည်ကို တွေ့ရကြောင်း၊ ထွက်ရှိလာသော ရော်ဘာများကို ပြည်ပသို့တင်ပို့ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း။

**မွေးမြူရေးငါးပုစွန်များကို တိုးချဲ့မွေးမြူ**

ပင်လယ်ပြင်အတွင်း ငါးသယံဇာတများ စနစ်တကျထိန်းသိမ်းနိုင်ရေး မွေးမြူရေးငါးပုစွန်များကို တိုးချဲ့မွေးမြူပြီး ပြည်ပသို့တင်ပို့ရောင်းချမှုကို စနစ်တကျဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ငါးပုစွန်မွေးမြူရေးကို ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေါင်းစပ်ကူညီပေးသွားမည်ဖြစ်ပြီး လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများရှိပါက အကူအညီတောင်းခံနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး ဆီအုန်း၊ ရော်ဘာနှင့် ရေလုပ်ငန်းရှင်များက လက်ရှိဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကော့သောင်းမြို့ ကမ်းနီးကမ်းဝေးငါးဖမ်းစက်လှေများ၏ ငါးတင်ငါးချစစ်ဆေးရေးစခန်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

**သောက်သုံးရေသန့်ပေးဝေရေး စက်ရုံသစ်ဖွင့်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် (၁၂)မိုင်ကျေးရွာ၌ (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် သောက်သုံးရေသန့်ပေးဝေရေး စက်ရုံသစ်ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးခဲ့သည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် နေပြည်တော်အတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် နယ်မြေမီးသတ်စခန်းများမှ တပ်ဖွဲ့ဝင်များနှင့် ယာဉ်၊ စက်ပစ္စည်းကိရိယာများ သရုပ်ပြပွဲတက်ရောက်

**နေပြည်တော်  မတ်  ၁၈**

နေပြည်တော်ကောင်စီ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးဟန်သူ၊ ကော်မတီအတွင်းရေးမှူး၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။



**အလုပ်အကိုင်ဖန်တီးပေး**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကလေးအလုပ်သမားတိုးပွားလာသောလက္ခဏာများကို တုံ့ပြန်နိုင်ရန် ပြည့်စုံသည့် လူမှုအကာအကွယ်၊ ဆင်းရဲသောမိသားစုများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အရွယ်ရောက်ပြီးသူများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များ တိုးမြှင့်ခြင်း၊ ကျောင်းနေအရွယ် ကလေးများ ပညာသင်ကြားနိုင်ရေးနှင့် အခမဲ့ပညာရေး စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊ အလုပ်သမားရေးရာ စစ်ဆေးခြင်းနှင့် ဥပဒေစိုးမိုးခြင်းတို့နှင့် ပတ်သက်ပြီး ပိုမိုခိုင်မာအောင်ဆောင်ရွက်ခြင်း စသည့်ကဏ္ဍများကို ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ကလေးသူငယ်များ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုသာ နိုင်ငံတော်၏ အနာဂတ်ကို ကောင်းမွန်စွာ ဖန်တီးပေးနိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝမြင့်မားမှု၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် တိုက်ရိုက်သက်ဆိုင်နေသဖြင့် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ ရည်မှန်းချက်များကို ထိရောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များကို ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးဟန်သူက ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူးက နေပြည်တော် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီ (၈)ခုမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားခရိုင် မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် နယ်မြေမီးသတ်စခန်းများမှ တပ်ဖွဲ့ဝင်များနှင့် ယာဉ်၊ စက်ပစ္စည်းကိရိယာများ သရုပ်ပြသခြင်း အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

**ဂုဏ်ပြုငွေပေးအပ်**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဟိန်းမင်းထိုက် ဦးဆောင်သော မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေး စွမ်းရည်သရုပ်ပြသမှုကို ကြည့်ရှုအားပေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များထံ ဂုဏ်ပြုငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် မီးသတ်ယာဉ်၊ စက်ပစ္စည်းကိရိယာများ၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးရာ(ဝဲပုံ) မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်း အသုံးပြုပုံများကို ရှင်းလင်းပြသပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြိတ်မြို့၌ ပြေးခုန်ပစ်နည်းပြ/ဒိုင်သင်တန်း ဖွင့်လှစ်

**မြိတ်  မတ်  ၁၈**

မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် မြိတ်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ပြေးခုန်ပစ်နည်းပြ/ ဒိုင်သင်တန်းကို မတ် ၁၈ ရက်က မြိတ်ခရိုင် အားကစားခန်းမ၌ ဖွင့်လှစ်သည်။

ပြေးခုန်ပစ်ပြိုင်ပွဲများတွင် နည်းစနစ် သတ်မှတ်ချက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးနိုင်သော ဒိုင်ကောင်းများ ဖြစ်စေရန်နှင့် အသင်းအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်၊ အသင်းအုပ်ချုပ်သူနှင့် ပြိုင်ပွဲဝင် အားကစားသမားများမှအစ လေးစားအားထားရသော နည်းပြဆရာကောင်းများဖြစ်စေရန်၊ မျိုးဆက်သစ် ပြေးခုန်ပစ်အားကစားသမားများ သင်ကြားလေ့ကျင့်ပေးနိုင်သူများ ဖြစ်စေရေး ရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဇော်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြိတ်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးသန်းထွေးက သင်တန်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ထူးအောင်က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသား ၂၉ ဦး တက်ရောက်ပြီး မတ် ၁၈ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

**ခိုင်ထူး(ပြန်/ဆက်)**

**ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

# ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံအစိုးရတို့အကြား စာဆိုဗိမာန်တည်ဆောက်ခြင်းစီမံကိန်း သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းအခမ်းအနား ကျင်းပ

**စာပေဆိုင်ရာကိစ္စရပ်များစွာကို တစ်နေရာတည်းတွင် ဆောင်ရွက်နိုင်မည့်၊ စာပေဝန်ဆောင်မှုများစွာပေးနိုင်မည့် မြန်မာနိုင်ငံ၏ပထမဆုံးသော အဆောက်အဦတစ်ခုဖြစ်မည်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာဆိုဗိမာန်တည်ဆောက်ခြင်းစီမံကိန်းသဘောတူညီချက် လက်မှတ်ရေးထိုးခြင်းအခမ်းအနားတွင် ကျေးဇူးတင်စကားပြောကြားစဉ်။

**ရန်ကုန် မတ် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံ အစိုးရတို့အကြားစာဆိုဗိမာန်တည်ဆောက်ခြင်းစီမံကိန်း သဘောတူညီချက် (Project Agreement) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ LOTTE ဟိုတယ်၌ ကျင်းပသည်။

လက်မှတ်ရေးထိုးခြင်းအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Vinay Kumar နှင့် အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ချစ်ကြည်ရေး ပိုမိုတိုးတက်ခိုင်မာစေ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျေးဇူးတင်စကား ပြောကြားရာတွင် ယနေ့အခမ်းအနားသည် မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မာစေမည့် သမိုင်းမှတ်တမ်းဝင်နေ့တစ်နေ့ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်က စတင်တည်ထောင်လာခဲ့ပြီး နှစ်နိုင်ငံ ခေါင်းဆောင်များ၏ အပြန်အလှန်ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ယခုဆိုလျှင် နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် သမိုင်းအစဉ်အလာအရ စာပေ၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် နိုင်ငံရေးတို့တွင် ဆက်သွယ်မှုရှိသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြပါကြောင်း။

သံတမန်ဆက်ဆံရေး နှစ် ၇၀ ကျော်ကာလအတွင်း ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများစွာ ဆောင်ရွက်ခဲ့ကြသကဲ့သို့ နှစ်နိုင်ငံ ခေါင်းဆောင်များကလည်း အပြန်အလှန် ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့ကြပါကြောင်း၊ အစိုးရယန္တရားများတွင် များစွာပူးပေါင်းဆောင်ရွက်ခဲ့ကြရာ ယနေ့ ရေးထိုးမည့် စာဆိုဗိမာန်ဆိုင်ရာ MoU လည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း။

**အသိအမှတ်ပြု ချီးမြှင့်နိုင်ရန်**

ဤစာဆိုဗိမာန် အဆောက်အဦကို တည်ဆောက်ရသည့် ရည်ရွယ်ချက်မှာ ထူးခြားလှပါကြောင်း၊ မိမိတို့နိုင်ငံ၏ မြန်မာစာပေသမိုင်းတစ်လျှောက် ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြု ချီးမြှင့်နိုင်ရန်အတွက် "စာဆိုဗိမာန်" ကို တည်ဆောက်ရခြင်း ဖြစ်ပါကြောင်း။

ဤအဆောက်အဦထဲတွင် မြန်မာစာပေသမိုင်းကို လေ့လာနိုင်မည့် ပေ၊ ပုရပိုက်မှစပြီး စာပေဆိုင်ရာပစ္စည်းများ၊ စာရေးဆရာကြီးများ၏ လက်ရေးမူများ၊ ဓာတ်ပုံနှင့် အတ္ထုပ္ပတ္တိများ၊ ရှားပါးစာအုပ်များ၊ စာပေဆုတံဆိပ်များ၊ ပုံနှိပ်သမိုင်းတွင် ခေတ်အဆက်ဆက် အသုံးပြုခဲ့ပြီး အဆင့်ဆင့် ခေတ်မီပြောင်းလဲလာသည့် ပုံနှိပ်စက်အမျိုးမျိုး၏ ဓာတ်ပုံများ စသည့် သမိုင်းဝင်ပစ္စည်းများကို ပြခန်းတစ်ခန်း အနေဖြင့် ဖွင့်လှစ်ပြသမည်ဖြစ်သကဲ့သို့ ဤအဆောက်အဦထဲတွင် စာပေညီလာခံ၊ စာပေနှီးနှောဖလှယ်ပွဲ၊ စာပေဆုပေးပွဲ၊ စာပေဟောပြောပွဲ၊ ရေးသူဖတ်သူ ဆွေးနွေးပွဲ၊ စာအုပ်မိတ်ဆက်ပွဲ စသည့်စာပေဆိုင်ရာ အခမ်းအနားများကိုလည်း ကျင်းပခွင့်ပြုသွားမည် ဖြစ်ပါကြောင်း။

စာရေးဆရာများ အလွယ်တကူ ရည်ညွှန်းကိုးကားနိုင်မည့် ရည်ညွှန်းကိုးကားစာများကို တစုတစည်းတည်းထားရှိမည့် ခေတ်မီရည်ညွှန်းစာကြည့်တိုက်ကိုလည်း ဖွင့်လှစ်မည်ဖြစ်သကဲ့သို့ နိုင်ငံတစ်ဝန်းမှ စာရေးဆရာများ၊ စာပေပညာရှင်များအတွက် စာပေဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန် ခေတ္တတည်းခိုရာ နေရာများကိုလည်း စီစဉ်ထားရှိပေးမည် ဖြစ်ပါကြောင်း။

**စာရေးဆရာများ တွေ့ဆုံဆွေးနွေးနိုင်**

နိုင်ငံ၏ စာပေဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပြုမည့် ကိစ္စမှန်သမျှ ဆောင်ရွက်ရာတွင် စာဆိုဗိမာန်သည် နိုင်ငံတကာက စာရေးဆရာများနှင့် မြန်မာစာရေးဆရာများ တွေ့ဆုံဆွေးနွေးနိုင်မည့် နေရာတစ်ခုလည်း ဖြစ်သကဲ့သို့ ပြည်တွင်းပြည်ပ စာပေပညာရှင်များ၏ စာပေမူပိုင်ခွင့်ကိစ္စများကိုလည်း စာဆိုဗိမာန်တွင် တွေ့ဆုံညှိနှိုင်းနိုင်မည်ဖြစ်ပါကြောင်း။

စာဆိုဗိမာန်ကို စာပေသမားများအတွက် အကျိုးပြုမည့် ရည်ရွယ်ချက်ကောင်းများဖြင့် တည်ဆောက်သွားမည် ဖြစ်ပါကြောင်း၊ စာပေဆိုင်ရာ ကိစ္စရပ်များစွာကို တစ်နေရာတည်းတွင် ဆောင်ရွက်နိုင်မည့်၊ စာပေဝန်ဆောင်မှုများစွာ ပေးနိုင်မည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော အဆောက်အဦတစ်ခုဖြစ်မည် ဖြစ်ပါကြောင်း။

ယခုလို မွန်မြတ်သည့်ကိစ္စကြီးကို အိန္ဒိယနိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်ရမည်ဖြစ်၍ မိမိအနေဖြင့် လွန်စွာဝမ်းမြောက်မိပါကြောင်း။

စာဆိုဗိမာန်၏ အကျိုးကျေးဇူးနှင့် မြန်မာနိုင်ငံသား စာရေးဆရာများ များစွာ အကျိုးဖြစ်ထွန်းစေမည် ဖြစ်သည့်အတွက် အိန္ဒိယနိုင်ငံအစိုးရကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း။

ရှေ့ဆက်ပြီးလည်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် မိတ်ဆွေကောင်း အိမ်နီးချင်းနိုင်ငံအဖြစ် ဆက်လက်ရပ်တည်ပေးရန် မေတ္တာရပ်ခံလိုပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနသည် ယနေ့ လက်မှတ်ရေးထိုးမည့် စာဆိုဗိမာန် တည်ဆောက်ခြင်း စီမံကိန်းသဘောတူညီချက် (Project Agreement) လက်မှတ်ရေးထိုးခြင်း အခမ်းအနားမှသည် ရှေ့ဆက်ဆောင်ရွက်မည့် စီမံကိန်းနှင့် အစီအစဉ်များတွင် မိတ်ဆွေတို့နှင့်အတူ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ပြည်သူများအကြား စာပေ၊ ယဉ်ကျေးမှုနှင့် မီဒီယာကဏ္ဍများတွင်လည်း ဖလှယ်ပေါင်းကူး ဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

**မုဒိတာစကားပြောကြား**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Vinay Kumar က စီမံကိန်းပူးပေါင်းဆောင်ရွက်ခွင့်ရသည့်အတွက် အိန္ဒိယနိုင်ငံအစိုးရကိုယ်စား မုဒိတာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr.Vinay Kumar တို့၏ ရှေ့မှောက်၌ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်နှင့် အိန္ဒိယနိုင်ငံ သံရုံးမှ ဒုတိယအကြီးအကဲ Mr.Ashish Sharma တို့သည် စာဆိုဗိမာန်တည်ဆောက်ခြင်း စီမံကိန်း သဘောတူညီချက် (Project Agreement) ကို လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရဂုဏ်ပြုလက်ဆောင်များ အပြန်အလှန်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အိန္ဒိယသံအမတ်ကြီးနှင့် တက်ရောက်လာကြသူများအား ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr.Vinay Kumar တို့၏ ရှေ့မှောက်၌ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်နှင့် အိန္ဒိယနိုင်ငံသံရုံးမှ ဒုတိယအကြီးအကဲ Mr.Ashish Sharma တို့ စာဆိုဗိမာန်တည်ဆောက်ခြင်း စီမံကိန်းသဘောတူညီချက် လက်မှတ်ရေးထိုးကြစဉ်။

# ချောင်းဆုံမြို့နယ် ဒရယ်-တောင်စွန်း (ကလွိုရွာရှောင်လမ်း) ဖွင့်လှစ်

**မော်လမြိုင် မတ် ၁၈**

နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ချောင်းဆုံမြို့နယ် ဒရယ်-တောင်စွန်း (ကလွိုရွာရှောင်လမ်း)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းကကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် မွန်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးသည် အဓိကအရေးကြီးသည့်အချက်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာခြင်းဖြင့် ဒေသထွက်ကုန်များ အဆင်ပြေချောမွေ့စွာ ပို့ဆောင်နိုင်မည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် များစွာအထောက်အကူပြုစေမည့်အပြင် ဒေသ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများ ဒရယ်-တောင်စွန်း(ကလွိုရွာရှောင်လမ်း)ကို ဖြတ်သန်းကြည့်ရှုစဉ်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက ဒရယ်-တောင်စွန်း (ကလွိုရွာရှောင်လမ်း) ဖောက်လုပ်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်ချုပ်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က ဒရယ်-တောင်စွန်း (ကလွိုရွာရှောင်လမ်း) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး**

အဆိုပါလမ်းသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံ ငွေကျပ် ၅၁၄ ဒသမ ၆၃၈ သန်း ကျခံအသုံးပြုဆောင်ရွက်ခဲ့သည့် ၈၂၈၂ ပေ ဂဝံ/ကျောက်ရော မြေသားလမ်းဖြစ်ပြီး ရှစ်ပေ Box Culvert ခြောက်စင်း၊ ပေ ၄၀ ကွန်ကရစ်တံတားတစ်စင်းနှင့် ပေ ၃၀ ကွန်ကရစ်တံတား တစ်စင်းပါဝင်သည်။ ဒရယ်-တောင်စွန်း (ကလွိုရွာရှောင်လမ်း) ဖောက်လုပ်ပြီးစီးခဲ့သည့်အတွက် ကလွို၊ ဒရယ်၊ ဒေါင်းဦ၊ တောင်စွန်းနှင့် ကမာမိုကျေးရွာများရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် အေးသာယာစက်မှုဇုန်ရှိ စိန်ငွေမြ (CP) အစာစပ်စက်ရုံ၊ လူမှုဖူလုံရေးဆေးခန်းနှင့် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနရုံးများအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၁၈**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်ရှိ စိန်ငွေမြ (CP) အစာစပ်စက်ရုံ၊ လူမှုဖူလုံရေး ဆေးခန်းနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာနရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ အမှာစကား ပြောကြားသည်။

**ဘေးအန္တရာယ်ကင်းရှင်းရေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စိန်ငွေမြ (CP) အစာစပ်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး**(အောက်ပုံ)** အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများ ပါဝင်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီများကို ဖွဲ့စည်း၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အတွင်း အလုပ်သမား ၅၀ နှင့်အထက် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီများ တိုးချဲ့ဖွဲ့စည်းနိုင်မှုသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီအထိ ၂၆ ဖွဲ့၊ (၈၁ ဒသမ ၂၅ ရာခိုင်နှုန်း) ဖွဲ့စည်းထားပြီး ဖြစ်ကြောင်း၊ ဖွဲ့စည်းထားရှိသည့် ကော်မတီများအနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းတာဝန်များကို အလေးထား ဆောင်ရွက်ရန်နှင့် ပိုင်ရှင်၊ မန်နေဂျာများကလည်း လိုအပ်သလို ပံ့ပိုးကူညီပေးရန် လိုအပ်ကြောင်း။



စက်ရုံ၊ အလုပ်ရုံများတွင် ကုန်ထုတ်စွမ်းအား တိုးတက်စေရန် အလုပ်ရှင်နှင့် အလုပ်သမား လုပ်ငန်းခွင် ဆက်ဆံရေး ကောင်းမွန်ရန် လိုအပ်ကြောင်း၊ ထိုသို့ကောင်းမွန်သည့် လုပ်ငန်းခွင် ဆက်ဆံရေးတစ်ခု ထူထောင်နိုင်ရန် အလုပ်ရှင်၊ အလုပ်သမား အကြား အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုရှိကြရန် မရှိမဖြစ် လိုအပ်ပြီး တည်ဆဲအလုပ်သမား ဥပဒေများကို လေးစားလိုက်နာနိုင်ရန် လိုအပ်ကြောင်း၊ သို့မှသာ လုပ်ငန်းခွင်ဆိုင်ရာ ပါဝင်ပတ်သက်သူများအကြား ရေရှည်တည်တံ့ခိုင်မာပြီး တည်ငြိမ်ကောင်းမွန်သော လုပ်ငန်းခွင်ဆက်ဆံရေး တစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်းနှင့် အေးချမ်းသာယာသော လုပ်ငန်းခွင်များဖြစ်အောင် ဖန်တီးဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အေးသာယာစက်မှုဇုန်ရှိ လူမှုဖူလုံရေးဆေးခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေး ပြည့်မီသော ကျန်းမာရေး ဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန် လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်း အင်အားပြည့် လည်ပတ်ရန် လိုအပ်ချက်ကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသွားမည် ဖြစ်ကြောင်း မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အေးသာယာစက်မှုဇုန်ရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၁၈**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မြန်မာ - ရုရှား နှစ်နိုင်ငံပြည်သူများ ချစ်ခင်ရင်းနှီးမှုနှင့် ကူးလူးဖလှယ်ဆက်ဆံမှုများ တိုးမြှင့်လုပ်ဆောင်လာစေရေး မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တွေ့ဆုံဆွေးနွေး

**ရန်ကုန် မတ် ၁၈**

မြန်မာ-ရုရှား နှစ်နိုင်ငံပြည်သူများ ချစ်ခင်ရင်းနှီးမှုနှင့် ကူးလူးဖလှယ် ဆက်ဆံမှုများ တိုးမြှင့်လုပ်ဆောင်လာစေရေး မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့များ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**



ဆွေးနွေးပွဲသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ MI Channel ညွှန်ကြားရေးမှူး ဒေါ်လှိန်းမောင်းပန်နှင့်အဖွဲ့၊ The Global New Light of Myanmar သတင်းစာမှ အထွေထွေမန်နေဂျာ ဦးဝင်းဇော်ဌေး၊ စာတည်းမှူးချုပ် ဦးအောင်သူရနှင့်အဖွဲ့၊ ရုရှားနိုင်ငံ ITAR-TASS သတင်းဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် မစ္စတာ မီခေးလ်း ဂက်စ်မန်း ဦးဆောင်သောအဖွဲ့တို့ တက်ရောက်ကြသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံ သတင်းဖလှယ်မှု၊ အပြန်အလှန်သွားရောက်လေ့လာမှု၊ သင်တန်းများ ဖွင့်လှစ်လေ့လာမှု၊ ဂီတအနုပညာဖလှယ်မှု၊ နိုင်ငံတော် သံစုံတီးဝိုင်းလေ့ကျင့်ရေးနှင့် ပတ်သက်၍ နားလည်မှုစာချွန်လွှာ နှစ်ဖက်ပြုစု၍ လက်မှတ်ရေးထိုးနိုင်ရန်နှင့် လာမည့် စက်တင်ဘာလအတွင်း ITAR – TASS သတင်းဌာန နှစ် ၁၂၀ ပြည့်အခမ်းအနားသို့ မြန်မာမီဒီယာအဖွဲ့အား ဖိတ်ကြားလိုမှုတို့ကို ဆွေးနွေးကြသည်။

ထို့နောက် အမှတ်တရပစ္စည်းများ ပေးအပ်၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် ထိုင်းနိုင်ငံ Pearl Vacations Co., Ltd မှ CEO ဖြစ်သူ Mr. Komsan Tungthirasuk ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် ထိုင်းနိုင်ငံ Pearl Vacations Co., Ltd မှ CEO ဖြစ်သူ Mr. Komsan Tungthirasuk ဦးဆောင်သော ထိုင်းနိုင်ငံ၏ နာမည်ကျော်အနုပညာရှင်များနှင့် ခရီးသွားမှတ်တမ်းရိုက်ကူးရေး ပညာရှင်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ နီလာခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည်များနှင့် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံ၏ခရီးစဉ်ဒေသများကို ပိုမိုသိရှိပြီး လာရောက်လည်ပတ်နိုင်ရန်အတွက် နှစ်နိုင်ငံ ပူးပေါင်း၍ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်သွားမည့် အခြေအနေ၊ ထိုင်း- မြန်မာ နှစ်နိုင်ငံ ခရီးသွားမြှင့်တင်ရေး အစီအစဉ်များကို ရေးဆွဲပြီး ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည်များအပြင် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များကိုလည်း ဖိတ်ခေါ်နိုင်ရေး၊ မြန်မာနိုင်ငံ မြောက်ပိုင်းကချင်ပြည်နယ်ရှိ ရေခဲတောင်တန်း ခရီးစဉ်ဒေသသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် တစ်ခုတည်းသော ထင်ရှားကျော်ကြားသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်သဖြင့် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ယင်းဒေသသို့ လာရောက်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေး၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်ရာနေရာများကို ခရီးသွားမြှင့်တင်ရေး ဗီဒီယိုများ ရိုက်ကူး၍ ဆိုရှယ်မီဒီယာများမှ တစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင် ဆောင်ရွက်နိုင်ရေး၊ ပြည်ပခရီးသွားမှတ်တမ်း ရိုက်ကူးရေးပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ ထိုင်းနိုင်ငံ Pearl Vacations Co., Ltd မှCEO ဖြစ်သူ Mr. Komsan Tungthirasuk ဦးဆောင်သော ထိုင်းနိုင်ငံ၏ နာမည်ကျော် အနုပညာရှင်များနှင့် ခရီးသွား မှတ်တမ်းရိုက်ကူးရေး ပညာရှင်အဖွဲ့သည် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ခရီးသွားဆွဲဆောင်ရာနေရာများ၊ မန္တလေးမြို့ရှိ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်ရာနေရာများကို ခရီးသွားမြှင့်တင်ရေးဗီဒီယိုများ သွားရောက်ရိုက်ကူးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း) သင်တန်းအမှတ်စဉ်(၄၈)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၈**

မြန်မာနိုင်ငံ စာရင်းကောင်စီက ကြီးမှူးကျင်းပသည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (Certified Public Accountant – CPA) (ပထမပိုင်း) သင်တန်းအမှတ်စဉ် (၄၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နဝရတ်ခန်းမ၌ Hybrid System ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်နိုင်သက်ဦး၊ အမြဲတမ်း အတွင်းဝန်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ တာဝန်ရှိသူများ၊ သင်တန်း ကထိကများနှင့် သင်တန်းသားများ၊ ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းမှ တာဝန်ရှိသူများက Online ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်လုံးတွင် စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ မွေးထုတ်ပေးလျက်ရှိရာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်းသည် ဘွဲ့လွန်ပညာရှင်အဆင့် နှစ်နှစ်သင်တန်းဖြစ်ပြီး ၁၉၇၂ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် သင်တန်း အမှတ်စဉ် (၄၈) သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယခုသင်တန်းသည် နိုင်ငံတော်ကို အကျိုးပြုသည့် သင်တန်းဖြစ်သဖြင့် နိုင်ငံကအားထားရသည့် ကျင့်ဝတ်သိက္ခာ မြင့်မားသော စာရင်းပညာရှင်များအဖြစ် ရပ်တည်ဆောင်ရွက်နိုင်စေရေး၊ ပညာရပ်ကို လေးစားတန်ဖိုးထားသည့် အရည်အချင်းပြည့်ဝသူများ ဖြစ်စေရေး သင်တန်းကာလ တစ်လျှောက် ဖွဲ၊ လုံ့လ၊ ဝီရိယ ရှိစွာဖြင့် သင်ယူကြိုးစားကြစေလိုကြောင်း၊ ပို့ချသင်ကြားပေးမှု



များကို အလေးထားလေ့လာဆည်းပူးခြင်းအပြင် ကိုယ်တိုင်လေ့လာသင်ယူခြင်းဖြင့် မိမိ ရည်မှန်းချက်ပန်းတိုင်သို့ လှမ်းချီနိုင်ရေး ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။(**အပေါ်ပုံ**)

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော် သင်တန်းကျောင်း တာဝန်ခံက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို နေပြည်တော် သင်တန်းကျောင်းတွင် သင်တန်းသား ၂၈ ဦးနှင့် ရန်ကုန် သင်တန်းကျောင်းတွင် သင်တန်းသား ၅၈ ဦး စုစုပေါင်း သင်တန်းသား ၈၆ ဦးတို့ကို ဘာသာရပ်ခြောက်ခုဖြင့် သင်တန်းကာလ ၁၁ လကြာ တစ်ပြိုင်တည်း ဖွင့်လှစ်ပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ် Asian Telecom Awards ပွဲကြီးတွင် ကဏ္ဍနယ်ပယ်ဦးဆောင်နိုင်မှုနှင့် ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ ဆန်းသစ်တီထွင်မှုတို့အတွက် ဆုကြီးနှစ်ဆု အက်တမ်ဆွတ်ခူးရရှိခဲ့

**နေပြည်တော် မတ် ၁၈**

စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ်၏ Asian Telecom Awards ပွဲတွင် အက်တမ်က ကဏ္ဍနယ်ပယ်ဦးဆောင်နိုင်မှုနှင့် ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ ဆန်းသစ်တီထွင်မှုတို့အတွက် ဆုကြီး နှစ်ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၉ ရက်က ကျင်းပခဲ့ခြင်းဖြစ်ပြီး တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည့် Asian Telecom Awards ဆုပေးပွဲကြီးသည် စိန်ခေါ်မှုအပြိုင်အဆိုင် ပြင်းထန်သော ဈေးကွက်နယ်ပယ်အတွင်း ကြုံလာသမျှ အခက်အခဲများကို ကြံ့ကြံ့ခံရင်ဆိုင်ကာ အသုံးပြုသူ customer များ ထံ တီထွင်ဆန်းသစ်သော ထုတ်ကုန်နှင့် ဝန်ဆောင်မှုကောင်းများ ပေးအပ်လျက်ရှိသည့် တယ်လီကွန်း ဆက်သွယ်ရေး ကုမ္ပဏီများကို မှတ်တမ်းတင်ဂုဏ်ပြုပေးလျက်ရှိသည်။



Asian Telecom Awards ကို စင်ကာပူအခြေစိုက် Charlton Media Group မှ ထုတ်ဝေသော ထိပ်တန်းစီးပွားရေးမဂ္ဂဇင်း Asian Business Review မှ စီစဉ်ကျင်းပခြင်းဖြစ်သည်။ Asian Telecom Awards တွင် ပါဝင်သော အကဲဖြတ်ဒိုင်များမှာ စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးလုပ်ငန်းကြီး လေးခုအဖြစ် လူသိများ ထင်ရှားသော Deloitte၊ KPMG၊ Pricewater-houseCoopers (PwC) နှင့် Ernst & Young (EY) တို့မှ ကိုယ်စားလှယ်များ ပါဝင်သည်။

အက်တမ် (ATOM) ၏ အမှုဆောင်အရာရှိချုပ် Mr. Muhammad Ziaullah Siddiqui က "၂၀၂၃ ခုနှစ် Asian Telecom Awards မှာလည်း ဆုနှစ်ဆုဖြစ်တဲ့ "Telecom Company of the Year – Myanmar" နဲ့ "Mobile Operator of the Year – Myanmar" ဆုတို့ကို ရရှိခဲ့ပါတယ်။ ဒီနှစ်မှာလည်း **"Telecom Company of the Year – Myanmar"** ဆုနဲ့ **"Digital Initiative of the Year – Myanmar"** ဆုတွေကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အက်တမ်အဖွဲ့သားတစ်ဦး တစ်ယောက်ချင်းစီရဲ့ ကြိုးစား အားထုတ်မှုတွေအပြင် စီးပွားရေး ပါတနာတွေ၊ အသုံးပြုသူ customer တွေရဲ့ အားပေးမှုနဲ့ ယုံကြည်မှုတွေ မပါဘဲနဲ့ ဒီလိုမျိုး ဆုရရှိဖို့ မဖြစ်နိုင်ဘူးဆိုတာ ပြောချင်ပါတယ်။ မြန်မာပြည်သူပြည်သားတို့ရဲ့အကျိုးအတွက် ခေတ်မီ အခြေခံအဆောက်အအုံတွေကို ဖန်တီးရာမှာလည်း ရေရှည်တည်တံ့ခိုင်မြဲပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့နည်းလမ်းတွေနဲ့ ဖွံ့ဖြိုးတိုးတက်အောင်ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

**ဇော်ဘီ**

❖***ကျောဖုံးမှ***

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် နောက်ဆုံးပြင်ဆင်မှုများကို မတ် ၁၁ ရက်တွင် စတင်ပြုလုပ်ခဲ့ပြီး ပွဲမတိုင်မီ လေးရက်အလိုတွင် ပြည်တွင်းထိပ်သီးကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆီးရီးယားအသင်းနှင့် ပွဲမတိုင်မီ ပြည်တွင်း ကလပ်များနှင့်သာ ခြေစမ်းပွဲကစားခဲ့ခြင်း ဖြစ်သည်။ ရှမ်းယူနိုက်တက် အသင်းသည် လက်ရွေးစင်အသင်းသို့ ပေးထားရသည့် ကစားသမားများမှလွဲ၍ ကျန်ပြည်တွင်းကစားသမားများ၊ နိုင်ငံခြားသား ကစားသမားများဖြင့် ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာ့ လက်ရွေးစင်အသင်းအတွက် ဂိုးများကို ဥက္ကာနိုင်နှင့် ကျော်ကိုကိုတို့က သွင်းယူပြီး ရှမ်းယူနိုက်တက်အသင်းအတွက် ဂိုးကို မတ်ခ်ဆာကီက သွင်းယူခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် သစ္စာအားမာန်၊ မြဝတီနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကို အနိုင်ကစားခဲ့ပြီး အား/ကာသိပွဲအသင်းနှင့် သရေကျခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဆီးရီးယားအသင်းနှင့် မတ် ၂၁ ရက်တွင် အိမ်ကွင်း၊ မတ် ၂၆ ရက်တွင် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**


**ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။**
**ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။**

# ကမ္ဘာ့ဒေါင်းစင်ဒရုန်းနေ့အထိမ်းအမှတ် အသိပညာပေးဆောင်းပါး

**၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ ရည်ရွယ်ချက်များ၌ “မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားတို့က အသိအမှတ်ပြုနိုင်ရန်” ဆိုသည့် ရည်ရွယ်ချက်ပါဝင်ပါသည်။**

## ဆက်လက်ဝဲ (MDevS)

အဆိုပါရည်ရွယ်ချက်အရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီက “မသန်စွမ်းမှုအမျိုးအစားအလိုက် အထိမ်းအမှတ်နေ့များတွင် မသန်စွမ်းသူများ၏ အခွင့်အရေး၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို အများပြည်သူက ပိုမိုအလေးထားအသိအမှတ်ပြုလာစေရေး လှုံ့ဆော်အသိပညာပေးလုပ်ငန်းများကို နိုင်ငံပိုင်စာနယ်ဇင်း၊ မီဒီယာများကတစ်ဆင့် ဆောင်ရွက်ရန်” ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့က ကျင်းပခဲ့သည့် အစည်းအဝေးတွင် ဆုံးဖြတ်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်တို့ကို တာဝန်ပေးအပ်ခဲ့ပါသည်။

၂၀၀၆ ခုနှစ်မှစတင်၍ နှစ်စဉ် မတ်လ ၂၁ ရက်နေ့တိုင်း ကမ္ဘာ့ဒေါင်းစင်ဒရုန်း(Down Syndrome) နေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ်လှုပ်ရှားမှုများကို နှစ်စဉ်ကျင်းပလာခဲ့ပါသည်။ လာမည့် ၂၀၂၄ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ကမ္ဘာ့ဒေါင်းစင်ဒရုန်းနေ့ ကျရောက်မည်ဖြစ်ရာ ဒေါင်းစင်ဒရုန်းဉာဏ်ရည်မသန်စွမ်းသူများအတွက် တန်းတူအခွင့်အရေးရရှိမှုသေချာစေရန်၊ ဒေါင်းစင်ဒရုန်းကလေးများဘဝ ပိုမိုဖွံ့ဖြိုးလာစေရေး အထောက်အကူပြုနိုင်ရန်၊ အခြားကလေးများနည်းတူ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ပိုမိုပါဝင်လာနိုင်စေရန်၊ ဒေါင်းစင်ဒရုန်းမသန်စွမ်းသူများ၏ စွမ်းဆောင်နိုင်မှုကို ပိုမိုအသိအမှတ်ပြုလာစေရန်နှင့် ပြုစုပျိုးထောင်ပေးသော မိဘအုပ်ထိန်းသူများကို အားပေးကူညီနိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အများပြည်သူသို့ ယခုကဲ့သို့ နှိုးဆော်အသိပေးရခြင်း ဖြစ်ပါသည်။

### ဒေါင်းစင်ဒရုန်း အထိမ်းအမှတ်နေ့

ဒေါင်းစင်ဒရုန်းဆိုသည့် ဝေါဟာရကို မရင်းနှီးသေးသော ပြည်သူများကို ဦးစွာမိတ်ဆက်ပေးလိုပါသည်။ ဒေါင်းစင်ဒရုန်းသည် မျိုးဗီဇကြောင့် ကမ္ဘာပေါ်ရှိလူတိုင်းတွင် ဖြစ်ပွားနိုင်ပါသည်။ ဖြစ်ပွားရသည့် အကြောင်းရင်းမှာ သန္ဓေသားလောင်းဖြစ်ရန် မိခင်နှင့်ဖခင်ထံမှ မျိုးဗီဇသယ်ဆောင်သည့်အမျှင် (ခရိုမိုဇုန်း–chromosome)များ ပုံမှန်မဖြစ်ခြင်းကြောင့်ဟု ဆိုပါသည်။ ပုံမှန်သန္ဓေသားအတွက် ခရိုမိုဇုန်းအမျှင် ၂၃ စုံကို လက်ခံရရှိပါသည်။ ခရိုမိုဇုန်းအမျှင် တစ်စုံလျှင် အမျှင် နှစ်မျှင်နှုန်းဖြင့် စုစုပေါင်း ခရိုမိုဇုန်း အမျှင် ၄၆ ခု ပါရှိသည်။

ခရိုမိုဇုန်း ၄၆ စုံ အနက် ၂၁ စုံမြောက် ခရိုမိုဇုန်းအမျှင်တစ်စုံ (အမျှင်နှစ်မျှင်) သည် ပုံမှန်မဟုတ်ဘဲ တစ်မျှင် ပိုမိုပါဝင်ခြင်းကြောင့် တစ်နည်းအားဖြင့် စုစုပေါင်းခရိုမိုဇုန်းအမျှင် ၄၇ ခုကြောင့် ဒေါင်းစင်ဒရုန်းကလေးများ မွေးဖွားလာရခြင်းဖြစ်ပါသည်။ အဆိုပါအမျှင်တစ်စုံ၏ နံပါတ်သည် ၂၁ ခုမြောက် (Trisomy 21) ဖြစ်၍ မတ်လ ၂၁ ရက်နေ့ကို ကမ္ဘာ့ဒေါင်းစင်ဒရုန်းနေ့အဖြစ် သတ်မှတ်ခဲ့ကြခြင်း ဖြစ်ပါသည်။

### ဒေါင်းစင်ဒရုန်း ဖြစ်နိုင်ခြေ

ကမ္ဘာ့နိုင်ငံများတွင် အရှင်မွေးကလေး ၈၀၀ တွင် တစ်ဦးသည် ဒေါင်းစင်ဒရုန်းကလေး ဖြစ်နိုင်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေးများ၊ ကလေးသူငယ်များတွင် မသန်စွမ်းဖြစ်ပွားမှုနှုန်း အနည်းဆုံးဖြစ်စေရန် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၂၇ အရ ကျန်းမာရေးဝန်ကြီးဌာနအား စီမံချက်များချမှတ်၍ ဖော်ဆောင်စေလျက်ရှိပါသည်။ ဒေါင်းစင်ဒရုန်းနှင့် အခြားမျိုးဗီဇရောဂါများဖြစ်ပွားမှုကို ကာကွယ်လျှော့ချနိုင်ရေးအတွက် သားသမီးမယူမီ ကျွမ်းကျင်သောဆရာဝန်များ၊ ပညာရှင်များနှင့်တွေ့ဆုံပြီး မိမိတို့၏မျိုးဗီဇရောဂါဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်း (Genetic Counselling) ပြုလုပ်သင့်ပါသည်။

အထူးသဖြင့် မိမိကိုယ်တိုင် သို့မဟုတ် မိသားစုတွင် မျိုးဗီဇရောဂါရှိသူများ၊ ဒေါင်းစင်ဒရုန်းဝေဒနာ ခံစားနေရသည့် သား သမီးကြီးရှိသည့် မိဘများ၊ နှုန်းလွန်အသံလှိုင်း (Ultrasound)ဖြင့် ကိုယ်ဝန်ကို စစ်ဆေးစဉ် မူမမှန်သောအခြင်းတစ်ခုခု တွေ့ရှိရသည့် မိခင်လောင်းများအနေဖြင့် မျိုးဗီဇရောဂါဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်းကို မဖြစ်မနေဆောင်ရွက်သင့်ပါသည်။ ကိုယ်ဝန်ဆောင်ချိန်တွင်လည်း (Triplemarkers tests/ Quard test)စသည်တို့ကို ဆောင်ရွက်၍ သန္ဓေသား၏ ဒေါင်းစင်ဒရုန်း ဖြစ်နိုင်ခြေ (High Risk Percentage) ကို တွက်ချက်စစ်ဆေးနိုင်ပါသည်။ ယင်းသို့စစ်ဆေးခြင်းဖြင့် ဒေါင်းစင်ဒရုန်းကလေးမွေးဖွားလာပါက ပြုစုပျိုးထောင်နိုင်ရေးကို ကြိုတင်စီစဉ်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

### မိဘအသက်အရွယ်နှင့် ဒေါင်းစင်ဒရုန်း

ကျန်းမာရေးဆိုင်ရာစစ်တမ်းများတွင် မိခင်အသက်အရွယ်နှင့် ဒေါင်းစင်ဒရုန်းကလေး မွေးဖွားမှုသည် ဆက်စပ်ကြောင်း၊ မိခင်၏အသက် ၂၀ ဆိုပါက ၁:၁၄၄၁၊ အသက် ၃၀ ဆိုပါက ၁:၉၅၉၊ အသက် ၄၀ ဆိုပါက ၁:၈၄၊ အသက် ၅၀ ဆိုပါက ၁:၄၄ အချိုးအသီးသီးရှိကြောင်း ဖော်ပြထားပါသည်။ အသက် ၄၅ နှစ်အရွယ် ကိုယ်ဝန်ဆောင် ၃၀ တွင် တစ်ဦးက ဒေါင်းစင်ဒရုန်းကလေးမွေးဖွားနိုင်ခြေ အလွန်မြင့်မားကြောင်း ဆေးပညာဆိုင်ရာတွေ့ရှိချက်အရ အသက်ကြီးမိခင်မှ ဒေါင်းစင်ဒရုန်းကလေး မွေးဖွားနိုင်ခြေများသည်ဟု ဆိုနိုင်သော်လည်း ဒေါင်းစင်ဒရုန်းကလေး ၇၀ ရာခိုင်နှုန်းကို အသက် ၃၀ နှင့်အောက် မိခင်များက မွေးခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိနိုင်ပါသည်။

ထို့အပြင် ဖခင်၏ အသက်အရွယ်ကြီးခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း၊ အသက်ကြီးသော အမျိုးသားနှင့် ၃၅ နှစ်နှင့်အထက် အမျိုးသမီးတို့ အိမ်ထောင်ပြု၍ သားသမီးရယူခြင်းသည် အသက် ၃၅ နှစ်အောက် အမျိုးသမီးနှင့် အိမ်ထောင်ပြု၍ သားသမီးရယူခြင်းထက် ဒေါင်းစင်ဒရုန်းကလေး ပိုမိုဖြစ်နိုင်ကြောင်းလည်း လေ့လာသိရှိနိုင်ပါသည်။ ဒေါင်းစင်ဒရုန်းကလေး မွေးဖွားမှုသည် အမျိုးသမီး အမျိုးသား အသက်အရွယ်အပေါ် မူတည်ခြင်းထက် မိမိ၏ ကံ ကံ၏ အကျိုးကြောင့်လည်း ဖြစ်နိုင်ကြောင်း အယူအဆများရှိပါသည်။

### မသန်စွမ်းမှုအဆင့်ကို လျှော့ချခြင်း

အမျိုးသားကော်မတီအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ ငါးနှစ်စီမံကိန်း (၂၀၂၂–၂၀၂၇)ကို ချမှတ်၍ ကျန်းမာရေးဝန်ကြီးဌာနအား ကျန်းမာရေးကဏ္ဍဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရေးဆွဲစေကာ ဖော်ဆောင်စေလျက်ရှိပါသည်။ လုပ်ငန်းစီမံချက်တွင် “မသန်စွမ်းဖြစ်မှုနှင့် မသန်စွမ်းမှုအဆင့်အခြေအနေ (Disability Grading) ပိုမိုဆိုးရွားလာမှုကို ကြိုတင်ကာကွယ်သည့် အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ခြင်း” လုပ်ငန်းပါဝင်ပါသည်။ ဒေါင်းစင်ဒရုန်းကလေး အရွယ်ရောက်ပါက ဝေဒနာပျောက်ကင်းသွားခြင်းမရှိဘဲ အသက်ထက်ဆုံး အမြဲတမ်းမသန်စွမ်းမှုဖြင့် နေထိုင်သွားရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ မသန်စွမ်းမှုအဆင့်အခြေအနေ ပိုမိုဆိုးရွားမလာရန် ကာကွယ်နိုင်ရေးအတွက် မွေးကင်းစကလေးများတွင် ဒေါင်းစင်ဒရုန်းဖြစ်၊ မဖြစ်ကို နိုင်ငံပိုင်ဆေးရုံကြီးများသို့ သွားရောက်ပြီး ပညာရှင်များဖြင့် တိုင်ပင်ပြသကာ စစ်ဆေး၍ အကြံဉာဏ်ရယူနိုင်ကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်။

### ဒေါင်းစင်ဒရုန်း သွင်ပြင်လက္ခဏာ

ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် ရေးခေတ်မွန်ဂိုလူမျိုးမျက်နှာပေါက်မျိုးရှိသော ချစ်စရာကလေးများကို တွေ့မြင် နိုင်ပါသည်။ ယင်းကလေးများ၏ ဦးခေါင်း၊ မျက်နှာ၊ ခြေလက်သွင်ပြင် လက္ခဏာများသည် တူညီလေ့ရှိပါသည်။ ခေါင်းသေးခြင်း၊ ပြားခြင်း၊ မျက်နှာပြားခြင်း၊ မျက်လုံးထောင့်များ အပေါ်ဘက်သို့စွေနေခြင်း၊ နှာခေါင်းသေးပြီး နှာရိုးပြားခြင်း၊ ပါးစပ်သေးခြင်း၊ လျှာအပြင်ထွက်ပြီး အက်ကွဲနေခြင်း၊ မျက်ဆံတွင် အဖြူအပြောက်လေးရှိနေခြင်း၊ လက်တိုခြင်း၊ လက်သန်းကွေးနေခြင်း၊ ခြေညှိုးနှင့် ခြေခလယ်ကြားအကွာအဝေးကျဲနေခြင်း၊ လက္ခဏာ တစ်ကြောင်းတည်းပါခြင်း၊ ကြွက်သားများ ပျော့နေခြင်း၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုနောက်ကျခြင်း စသည်တို့သည် ဒေါင်းစင်ဒရုန်း၏ ထင်ရှားသောသွင်ပြင်များ ဖြစ်ပါသည်။

မွေးရာပါ အမြင်အာရုံချို့ယွင်းခြင်း၊ အကြားအာရုံချို့ယွင်းခြင်း၊ နှလုံးရောဂါ၊ ကင်ဆာ၊ သွေးကင်ဆာ၊ သိုင်းရိုက်ရောဂါ၊ ဆီးချိုရောဂါ၊ အစာအိမ်အူလမ်းကြောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျိုးဆက်ပြန့်ပွားနိုင်ခြေနည်းခြင်း စသည့်ရောဂါများလည်း ပါဝင်လာနိုင်ပါသည်။ စကားပြောနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုနောက်ကျခြင်းမရှိရန် ကုသမရသော်လည်း မိဘများနှင့်မိသားစုက လိုအပ်သော စောင့်ရှောက်မှုများပေးခြင်း၊ ကူညီဖေးမခြင်း နည်းလမ်းများဖြင့် ဒေါင်းစင်ဒရုန်းကလေးများကို ကိုယ်တိုင်အခက်အခဲမရှိ ရပ်တည်နေထိုင်နိုင်ရန် လေ့ကျင့်ပျိုးထောင်ပေးနိုင်ပါသည်။

### ပြုစုပျိုးထောင်ခြင်း

ဒေါင်းစင်ဒရုန်းကလေးများကို လူမမာကဲ့သို့ အိပ်ရာပေါ်တွင်မထားရန်၊ အခြားကလေးများနှင့် အတူဆော့ကစားစေခြင်းကို ခွင့်ပြုရန်၊ နေ့စဉ်လုပ်ဆောင်ရသောကိစ္စများကို မိသားစုက လုပ်ပေးခြင်းမပြုဘဲ ဖြည်းဖြည်းမှန်မှန် အချိန်ယူ၍သင်ပေးရန်၊ လုပ်ခွင့်ပြုရန်လိုအပ်ပါသည်။ အိပ်ချိန်၊ အိပ်ရာထချိန်၊ သွားတိုက်၊ မျက်နှာသစ်၊ ရေချိုး၊ အင်္ကျီဝတ် စသည်တို့ကို အချိန်မှန်ဆောင်ရွက်တတ်ရေး လေ့ကျင့်ပေးရန်၊ အလုပ်တစ်ခုပြီး နောက်အလုပ်လုပ်ရန် သိသာသည့်အချက်ပြသင်္ကေတများ (ဥပမာ– မျက်နှာသစ်ပြီး သွားတိုက်ရန် သွားတိုက်နေသော ရုပ်ပုံကိုပြသထားခြင်း)ကို စီစဉ်ထားပြီး နားလည်လိုက်နာစေရေး လေ့ကျင့်ပေးထားရန် စသည့်နည်းစနစ်များကို မိဘအုပ်ထိန်းသူများကိုယ်တိုင် နားလည်ထားရန် အရေးကြီးပါသည်။ ရုပ်ပုံ၊ ဓာတ်ပုံများဖြင့် ပြသသင်ကြားပေးခြင်းသည် ထိရောက်ကြောင်း သိရှိရသဖြင့် တစ်နေ့တာလုပ်ဆောင်ရမည့် လှုပ်ရှားမှုပြ ရုပ်ပုံ၊ ဓာတ်ပုံများကို စုဆောင်း၍ ဒေါင်းစင်ဒရုန်းကလေးများကို လေ့ကျင့်ပေးသင့်ကြောင်း အကြံပေးလိုပါသည်။

ကျောင်းနေအရွယ်ရောက်ပါက သက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ကလေးကို စစ်ဆေးမှုများ ပြုလုပ်ပြီး ကြိုတင်ပြင်ဆင်ရပါမည်။ အိမ်စာများကို ကလေးနှင့်အတူ ကူလုပ်ပေးခြင်း၊ နားမလည်သည့် သင်ခန်းစာများကို သင်ပြပေးခြင်း၊ ရိုက်ခြင်း၊ ဆူခြင်းမပြုဘဲ စိတ်ရှည်ရှည်ဖြင့် ညင်သာစွာပြောဆိုသင်ကြားခြင်း စသည့်နည်းလမ်းများကိုလည်း နားလည်ထားရန် လိုအပ်ပါသည်။ နေ့စဉ်လူမှုဘဝတွင် ဦးဆောင်လုပ်ကိုင်တတ်စေရန် အဝတ် အစားကို ကိုယ်တိုင်ရွေးချယ်စေခြင်း၊ စိုးရိမ်စိတ်ဖြင့် အကာအကွယ်ပေးတားဆီးခြင်းအစား စောင့်ကြည့်ကာစောင့်ရှောက်ပေးခြင်း နည်းလမ်းများဖြင့် လွတ်လပ်ခွင့်၊ လုပ်ခွင့်ပေးခြင်း၊ ပြဿနာတစ်ရပ် (ဥပမာ– ကျောင်းက အတန်းဖော်နှင့် ဖြစ်တတ်သော ပြဿနာ၊ တွေ့ကြုံရသည့်အခက်အခဲ)ကို ကိုယ်တိုင်ဖြေရှင်းနိုင်ရန် အကူအညီပေးခြင်း၊ မှန်ကန်စွာဖြေရှင်းတတ်ရန် တည့်မတ်ပေးခြင်းစသည့် နည်းလမ်းများကိုလည်း အသုံးပြုနိုင်ပါသည်။

မိဘအုပ်ထိန်းသူများအနေဖြင့် ဒေါင်းစင်ဒရုန်းကလေးများကိုပြုစုပျိုးထောင်ရေးအသိပညာများကို တတ်ကျွမ်းနားလည်စေရန် လေ့လာပြီး စိတ်ခွန်အားအပြည့်ဖြင့် ဆောင်ရွက်ခြင်းဖြင့် မိဘများကွယ်လွန်သည့်အချိန်တွင် ကလေးကိုယ်တိုင် အမှီအခိုအနည်းဆုံးဖြင့် ရပ်တည်နေထိုင်သွားနိုင်မည် ဖြစ်ပါသည်။ နိုင်ငံတော်ကလည်း မသန်စွမ်းသူများ လူမှုအသိုင်းအဝိုင်းတွင် အခြားသူများနည်းတူ ပါဝင်ဆောင်ရွက်နိုင်ရေး၊ လုပ်ရည်ကိုင်ရည်နှင့် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရေး၊ *စာမျက်နှာ ၁၁ သို့*

**“ကျန်းမာရေးဆိုင်ရာစစ်တမ်းများတွင် မိခင်အသက်အရွယ်နှင့် ဒေါင်းစင်ဒရုန်းကလေးမွေးဖွားမှုသည် ဆက်စပ်ကြောင်း၊ မိခင်၏အသက် ၂၀ ဆိုပါက ၁:၁၄၄၁၊ အသက် ၃၀ ဆိုပါက ၁:၉၅၉၊ အသက် ၄၀ ဆိုပါက ၁:၈၄၊ အသက် ၅၀ ဆိုပါက ၁:၄၄ အချိုးအသီးသီးရှိကြောင်း ဖော်ပြထားပါသည်။ အသက် ၄၅ နှစ်အရွယ် ကိုယ်ဝန်ဆောင် ၃၀ တွင် တစ်ဦးက ဒေါင်းစင်ဒရုန်းကလေးမွေးဖွားနိုင်ခြေ အလွန်မြင့်မားကြောင်း ဆေးပညာဆိုင်ရာတွေ့ရှိချက်အရ အသက်ကြီးမိခင်မှ ဒေါင်းစင်ဒရုန်းကလေး မွေးဖွားနိုင်ခြေများသည်ဟု ဆိုနိုင်သော်လည်း ဒေါင်းစင်ဒရုန်းကလေး ၇၀ ရာခိုင်နှုန်းကို အသက် ၃၀ နှင့်အောက် မိခင်များက မွေးခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိနိုင်”**

## ကဗျာနှင်းစေ ရာမညမြေ

❒ တစ်ကိုးခွန်လေး ဆောင်းလအေး၏
ရေးထိုးမှတ်တမ်း သုံးဂဏန်း၌
မြန်းကာထွက်ပေါ် မွန်ပြည်မော်သည်
ကျော်ပယဉ်ကျေး စာပေမွေး၍
ဝေးနီးအရပ် ကမ္ဘာပတ်ကာ
ထပ်ထပ်ရယ်စုံ မြန်မာ့ဂုဏ်ကို
ယုံကြည်နှံ့သိ တော်ပါဘိ၏။
❒ မိဘကျေးဇူး မြင်းမိုရ်ဦးကို
စူးရည်သတ်မှတ် ကျောက်စာမြတ်၌
တတ်သိလိမ္မာ "ရာဇကုမာရ်"
စာတင်အက္ခရာ "မွန်ဘာသာ"ကား
ဗမာနှင့်မွန် အချစ်လွန်ပေါင်း
ကျွန်တို့ယုံကြောင်း သက်သေကောင်းတည့်။
❒ "ဝေဘူ" တောင်ရင်း ကျောက်စာခင်းနှင့်
မင်းငါ "ပုဂံ" တူရွှင်းယံပြင်
ထံ "ရွှေစည်းခုံ" ကျောက်စာရုံလည်း
စုံကမွည်းတင် "မွန်စာ" ပင်မို့
သင်ငါလေးစား အရေးထား၍
အားကျစံတင် တို့တိုင်းခွင်ဝယ်
ဆင်လှပုံဆန်း မွေးသောပန်းနှင့်
တန်းယှဉ်ကာချိတ် အထွတ်အထိပ်။
❒ မွန်တို့ဌာန ရာမညကား
စလယ်အဆုံး ကောင်းခြင်းမှုန်း၍
ပြုံးပျော်ရယ်ဖက် ခရီးဆက်ဟု
လက်ဆောင်ဆက်နှင်း ကဗျာသင်း။ ။

**ညိုဝင်း(ချစ်မြေ)**

၁၉-၃-၂၀၂၄ ရက်နေ့ ကျရောက်သည့် မွန်ပြည်နယ်ရွှေရတုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်

# နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သာမညစကြာတောင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်

**မော်လမြိုင် မတ် ၁၈**

၂၀၂၄ ခုနှစ် မတ် ၁၉ ရက်တွင် ကျရောက်မည့် နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာအုပ်စု သာမညစကြာတောင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၇ ရက်က မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ၌ ကျင်းပသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အတွင်း ကျေးလက်နေပြည်သူများ၏ လူနေမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေးနှင့် မြို့ပြ ကျေးလက်ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ဦးစားပေးကဏ္ဍအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းသည် အဓိကအရေးကြီးသည့် အချက်ဖြစ်ပြီး ယခုကွန်ကရစ်လမ်းသစ် ဖောက်လုပ်ဆောင်ရွက်ပေးခြင်းဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ စိတ်အေးချမ်းမြေ့စွာနှင့် လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်သည့်အပြင် စက်မှုကုန်ကြမ်းဖြစ်သည့် ရော်ဘာထုတ်ကုန်များ သယ်ယူပို့ဆောင်ရာလမ်းဖြစ်သည့်အတွက် ဒေသနေပြည်သူများ၏ လူနေမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေး အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်စေရေးကိစ္စရပ်များကိုလည်း အစဉ်တစိုက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာအုပ်စု သာမညစကြာတောင်လမ်း ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကွန်ကရစ်လမ်းသစ်အား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## လားရှိုးမြို့၌ မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲကျင်းပ

**လားရှိုး မတ် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဆင်းပွဲအခမ်းအနားကို မတ် ၁၇ ရက်က လားရှိုးခရိုင် မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ လူမှုရေးအသင်းအဖွဲ့ဝင် ၁၅ ဦးနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအဖွဲ့ဝင် ငါးဦး စုစုပေါင်း ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**စိုင်းထွန်း(လားရှိုး)**

*စာမျက်နှာ ၁၀ မှ*

ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း၊ ဘာသာစကားဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမျိုးသားကော်မတီက မူဝါဒများချမှတ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအား စီမံချက်များနှင့် အစီအစဉ်များရေးဆွဲစေကာ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဖော်ဆောင်စေလျက် ရှိပါသည်။

### ခွဲခြားဆက်ဆံခြင်းမပြုရန်

ဒေါင်းစင်ဒရုန်းကလေးများသည် ရုပ်ပိုင်းနှင့် ဉာဏ်ရည်ပိုင်းတွင် အခြားကလေးများနှင့် ကွဲပြားမှုရှိသော်လည်း ပင်ကိုသဘောထားနူးညံ့သူများဖြစ်ပြီး အလွယ်တကူ ဒေါသထွက်ခြင်းမရှိဘဲ အကျင့်ကောင်းမွန်သူများ ဖြစ်ကြပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဒေါင်းစင်ဒရုန်း ဉာဏ်ရည်မသန်စွမ်းသူများသည် အလုပ်လုပ်ကိုင်နိုင်ကြပြီး ဝတ်စုံဒီဇိုင်နာ၊ တေးဂီတ၊ အားကစား၊ ကျောင်းဆရာ၊ မော်ဒယ်၊ ပန်းပုဆရာ၊ စာရေးဆရာ၊ သရုပ်ဆောင်၊ မုန့်တိုက်လုပ်ငန်းစသည့်ကဏ္ဍစုံတွင် ထူးချွန်သူများအဖြစ် ရပ်တည်လျက်ရှိပါသည်။

စပိန်နိုင်ငံမှ Angela Bachiller သည် ဒေါင်းစင်ဒရုန်း ဉာဏ်ရည်မသန်စွမ်းသူများ ရွေးကောက်ခံပိုင်ခွင့်အတွက် ကြိုးပမ်းခဲ့သူ နိုင်ငံရေးသမားအဖြစ် ထင်ရှားပါသည်။ သို့ဖြစ်၍ အခြားကလေးများနည်းတူ သွားလာနေထိုင်ပြုမူခြင်းကို လုပ်ခွင့်ရရှိစေရေး မိသားစုအပါအဝင် အများပြည်သူအနေဖြင့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ တန်းတူလေ့ကျင့်သင်ကြားပေးရန် အရေးကြီးပါသည်။ နိုင်ငံတော်အနေဖြင့်လည်း မသန်စွမ်းသူများကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းများကဖြစ်စေ၊ လုပ်ငန်းဌာနများကဖြစ်စေ နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း၊ အကြမ်းဖက်ခြင်း၊ အလွဲသုံးခြင်း၊ လျစ်လျူရှုခြင်းတို့မှ အကာအကွယ်ပေးနိုင်ရန် ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန် ပြီး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

### အထူးပညာရေးအစီအစဉ်

နိုင်ငံတော်အစိုးရသည် မသန်စွမ်းကလေးသူငယ်တိုင်းအတွက် ပညာသင်ကြားရေးဆိုင်ရာ အခွင့်အလမ်းများရရှိစေရန် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တာဝန်ပေးဆောင်ရွက်စေလျက်ရှိပါသည်။ ကျောင်းပညာသင်ကြားနိုင်သည့် ဒေါင်းစင်ဒရုန်းကလေးများအနေဖြင့် အခြားကလေးများနည်းတူ အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ကြားနိုင်ပါသည်။

ကျောင်းပညာမသင်ကြားနိုင်သော မသန်စွမ်းကလေးများအား ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် အခက်အခဲမရှိရပ်တည်နိုင်ရန်၊ စွမ်းဆောင်ရည်မြင့်မားလာရန်အတွက် နိုင်ငံပိုင်နှင့်အစိုးရကျောင်းများ မှတ်ပုံတင်ထားသော ပုဂ္ဂလိကကျောင်းများ၏ သီးသန့်အထူးပညာရေးအစီအစဉ်များတွင် ပါဝင်တက်ရောက်နိုင်ပါ သည်။ ယင်းအစီအစဉ်များတွင် ဒေါင်းစင်ဒရုန်းကလေးများအတွက် စကားပြောကုထုံးများနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များဆိုင်ရာ အထူးလေ့ကျင့်ခန်းများကို သင်ကြားပေးလျက်ရှိပါသည်။

မိဘအုပ်ထိန်းသူများအနေဖြင့် ဒေါင်းစင်ဒရုန်းကလေးများကို နွေးထွေးလုံခြုံမှုပေးခြင်း၊ စနစ်တကျ လေ့ကျင့်သင်ကြားပေးခြင်း၊ ဂရုတစိုက်ပြုစုပျိုးထောင်ပေးခြင်းတို့ဖြင့် ကလေးများ ကြီးပြင်းလာပါက မိမိကိုယ်တိုင်ရပ်တည်နေထိုင်နိုင်သည့်အပြင် မိသားစုနှင့်ပတ်ဝန်းကျင်အတွက် တန်ဖိုးရှိသူတစ်ဦး ဖြစ်လာနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှစတင်၍ ကမ္ဘာ့ဒေါင်းစင်ဒရုန်းနေ့အထိမ်းအမှတ် လှုပ်ရှားမှုများကို မသန်စွမ်းအသင်းအဖွဲ့များ၊ ဒေါင်းစင်ဒရုန်း မသန်စွမ်းသူများ၏ မိဘများက စတင်ဆောင်ရွက်လာခဲ့ရာ ယခုနှစ်တွင် (၁၀)နှစ် ပြည့်မြောက်ပြီ ဖြစ်ပါသည်။ အမျိုးသားကော်မတီ၏ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၇)အရ ပညာရေး၊ ကျန်းမာရေး၊ အလွယ်တကူလက်လှမ်းမီ ရယူအသုံးပြုနိုင်ရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့် အရေးပေါ်အခြေအနေ၊ လုပ်ငန်းနှင့် အလုပ်အကိုင်ဆိုင်ရာလုပ်ငန်းစီမံချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက ရေးဆွဲဖော်ဆောင်လျက်ရှိရာ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်နှင့် မိတ်ဖက်အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဉာဏ်ရည်မသန်စွမ်းသူများ၏ အခွင့်အရေး၊ ဒေါင်းစင်ဒရုန်းကလေးများဘဝ ပိုမိုဖွံ့ဖြိုးလာစေရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ပိုမိုပါဝင်လာနိုင်စေရေးအတွက် တန်းတူအလေးထား ထည့်သွင်းအကောင်အထည်ဖော်လျက်ရှိပါသည်။

အများပြည်သူအနေဖြင့် ဒေါင်းစင်ဒရုန်း ဉာဏ်ရည်မသန်စွမ်းသူများ၏ စွမ်းဆောင်နိုင်မှုများနှင့် ယင်းသို့ စွမ်းဆောင်နိုင်ရန် ပြုစုပျိုးထောင်ပေးသော မိဘအုပ်ထိန်းသူများ၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုကြိုဆိုရင်း ဒေါင်းစင်ဒရုန်းကလေးများဘဝ ပိုမိုဖွံ့ဖြိုးလာစေရေးအတွက် ဝိုင်းဝန်းအထောက်အကူ ပြုကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

❖ ❖ ❖

## မြဝတီကုန်သွယ်ရေးဇုန် ကြက်သွန်နီနှင့် ပီလောပီနံခြောက်များတင်ပို့



မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ၁၅-၃-၂၀၂၄ ရက်နေ့တွင် အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ကြက်သွန်နီ ၆၅၇ ဒသမ ၈၀၅ တန်၊ ပီလောပီနံခြောက် ၇၈၄ ဒသမ ၀၀၀ တန်၊ ငရုတ်ခြောက် ၄၀ ဒသမ ၀၁၀ တန်၊ ပြောင်း ၁၂၈ ဒသမ ၀၀၀ တန်၊ ငရုတ်စိ ၄၁ ဒသမ ၄၀၀ တန်နှင့် ကုံကော်ပွင့်ခြောက် ၃၄ ဒသမ ၀၀၀ တန်တို့ ဖြစ်သည်။

၁၅-၃-၂၀၂၄ ရက်တွင် အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဆေးဝါးများ၊ ကားအပိုပစ္စည်းများ၊ သံနှင့် သံမဏိပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ အခြားစက်ကူများ၊ ချည်ထည်များ၊ စားသောက်ကုန် ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများ ဖြစ်သည်။

## ကျောက်ဆည်ခရိုင်၌ ဆောင်းနှမ်းသီးနှံများ အောင်မြင်စွာရိတ်သိမ်းပြီးစီး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံဖြစ်သည့် နှမ်းကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိကြောင်း၊ ဆောင်းနှမ်းစိုက်ပျိုးမှုအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၄၃၈၉ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၉၆၃ ဧက၊ မြစ်သားမြို့နယ်၌ ဧက ၅၀၁၀၊ စုစုပေါင်း ၁၀၃၆၂ ဧက စိုက်ပျိုးနိုင်ခဲ့ရာ လက်ရှိအချိန်တွင် ဆောင်းနှမ်းစိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် ဆောင်းနှမ်းတစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀၀ ခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ၈-၉ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဆောင်းနှမ်းစတင်ထွက်ပေါ်ချိန်တွင် နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၃၃၀၀၀၊ နှမ်းညို တစ်တင်းလျှင် ငွေကျပ် ၁၀၃၀၀၀၊ နှမ်းနက်ရိုးရိုး တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀၊ နှမ်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး လက်ရှိအချိန်တွင် နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၃၅၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းညို တစ်တင်းလျှင် ငွေကျပ် ၁၀၀၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းနက်ရိုးရိုး တစ်တင်းလျှင် ငွေကျပ် ၇၅၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းဆီတစ်ပိဿာလျှင် ငွေကျပ် ၁၄၂၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၇၈၀၀၀၀ ခန့်ရရှိကြောင်း ဆောင်းနှမ်းစိုက် တောင်သူတစ်ဦးထံမှ သိရှိရသည်။

DOCA (မန္တလေး)

## ရွှေဘိုဈေးကွက်သို့ ကုလားပဲ(V2)များ စတင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုဈေးကွက်သို့ ကုလားပဲ (V2) သီးနှံများ မတ်လ ဒုတိယအပတ်မှစတင်၍ ဝင်ရောက်လျက်ရှိပြီး ကုလားပဲ (V2) တစ်တင်းလျှင် ငွေကျပ် ၈၄၅၀၀ ပေါက်ဈေးရှိကာ တစ်ပတ်အတွင်း တင်း ၉၀၀၊ တန်အားဖြင့် ၂၈ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခင်နှစ် ကာလတူနှင့် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများ နှိုင်းယှဉ်ပါက ယခင်နှစ်က ကုလားပဲ (V2) တစ်တင်းလျှင် ငွေကျပ် ၆၉၀၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ယခုနှစ်တွင် ယခင်နှစ်ထက် တစ်တင်းလျှင် ငွေကျပ် ၁၅၅၀၀ ဈေးပိုမိုရရှိခဲ့ပြီး ဝင်ရောက်သည့် ကုလားပဲ(V2)များ အားလုံး ပုံမှန်အတိုင်း အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

DOCA (စစ်ကိုင်း)

## မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းများ ဆက်လက်ကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့ အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့် လည်းကောင်း၊ အပိုဝင်ငွေ ရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ်မူတည်၍ ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀-၇၀၀၀ ဖြင့်လည်းကောင်း၊ မတ်လ ပထမပတ်တွင် ငွေကျပ် ၃၀၀၀-၄၀၀၀ ဖြင့်လည်းကောင်း၊ မတ်လ ဒုတိယပတ်တွင် ငွေကျပ် ၂၀၀၀-၂၅၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဆောင်းအကုန် နွေအကူးရာသီချိန်တွင် ကွမ်းအထွက်နှုန်းတိုးလာပြီး ဈေးကွက်အတွင်း ကုန်စည်ဝင်ရောက်မှု များပြားကာ ဈေးနှုန်းများ ဆက်လက်ကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

DOCA (စစ်ကိုင်း)

## ဆောင်းနေကြာစိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်အခြေအနေ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ နေကြာသီးနှံများကိုလည်း စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်း၊ ဆောင်းနေကြာ စိုက်ပျိုးမှုအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၁၀၂၆၆ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၁၂၁၃၈ ဧက၊ မြစ်သားမြို့နယ်၌ ၅၁၇၇ ဧက၊ စုစုပေါင်းစိုက်ပျိုးဧက ၂၇၅၈၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ကျောက်ဆည်မြို့နယ်၌ ၂၄၉၃ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ဧက ၉၉၁၀၊ မြစ်သားမြို့နယ်၌ ၂၅၂၆ ဧက စုစုပေါင်း ၁၄၉၂၉ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် ၂၈-၂၉ တင်း ထွက်ရှိကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၂၇၀၀၀၀ ခန့်ကုန်ကျပြီး ဈေးနှုန်းအနေဖြင့် နေကြာတစ်တင်းလျှင်ငွေကျပ်၃၅၀၀၀ဖြင့်လည်းကောင်း၊ နေကြာဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိ ကြောင်း၊ အကျိုးအမြတ်အနေဖြင့် ဆောင်းနေကြာ တစ်ဧကလျှင် ငွေကျပ် ၇၁၀၀၀၀ ခန့်ရရှိကြောင်း နေကြာစိုက်ပျိုးသော တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

DOCA (မန္တလေး)

### ၁၈.၃.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၃၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၂၀၀ | ၁၅၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၃၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၄၀၀ | ၃၂၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၀၀၀ | ၅၈၀၀ | ၁၃၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၁၁၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၇၅၀ | ၁၃၅၀၀ | ၃၅၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၆၈၅၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၃၅၀၀ | ၃၂၀၀ | ၁၇၅၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၂၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၃၅၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၈၂၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၂၀၀ | ၆၉၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၅၀၀၀ | ၃၈၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၇၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၆၅၀ | | ၅၃၅၀ | ၁၆၀၀၀ | ၅၆၇၀ | ၁၀၀၀၀ | ၂၈၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၈၀၀ | ၄၅၀၀ | ၂၈၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၇၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၀၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၀၀၀ | ၄၀၀၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၂၀၀ | ၆၈၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၄၀၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀ | ၇၅၀၀ | ၈၃၀၀ | ၃၅၀၀ | ၂၄၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၂၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၄၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၄၀၀ | ၃၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၇၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၆၀၀ | ၃၇၀၀ | ၂၈၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၅၀၀၀ | ၂၈၀၀ | ၁၆၅၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၂၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၈၀၀ | ၄၀၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | | ၁၄၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ရာဖာမြို့၌ အစ္စရေး၏ မြေပြင်စစ်ဆင်ရေးအပေါ် အပစ်အခတ်ရပ်စဲရေးအတွက် အီးယူနှင့် အီဂျစ်ခေါင်းဆောင်များ သဘောတူ

ကိုင်ရို မတ် ၁၈

**ဥရောပနှင့် အီဂျစ်ခေါင်းဆောင်များသည် ဂါဇာကမ်းမြောင် တောင်ပိုင်း ရာဖာမြို့၌ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု၏ မြေပြင်စစ်ဆင်ရေးလုပ်ဆောင်ရန် ရည်ရွယ်ချက်အပေါ် အလွန်စိုးရိမ်မိကြောင်း ဖော်ပြထားသည်။**



ဥရောပကော်မရှင် ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်နှင့် အီတလီ၊ ဂရိအပါအဝင် အီးယူငါးနိုင်ငံ အဖွဲ့ဝင်များမှ ခေါင်းဆောင်များသည် သမ္မတ အယ်စီစီနှင့် ဆွေးနွေးမှုများလုပ်ဆောင်ရန် မတ် ၁၇ ရက်က အီဂျစ်နိုင်ငံမြို့တော် ကိုင်ရိုသို့ သွားရောက်ခဲ့သည်။

ရာဖာမြို့၌ အစ္စရေးတပ်ဖွဲ့၏ စစ်ဆင်ရေးကို ပြတ်သားစွာ ပယ်ချခြင်းနှင့်ပတ်သက်ပြီး သမ္မတ အယ်စီစီနှင့် ဥရောပခေါင်းဆောင်များက သဘောတူညီကြကြောင်း၊ အဆိုပါစစ်ဆင်ရေးမှာ ယင်းဒေသ၌ ဆိုးရွားနေပြီဖြစ်သည့် လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းကို ပိုမိုဆိုးရွားလာစေမည်ဖြစ်ကြောင်း ဆွေးနွေးပွဲပြီးနောက် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် အယ်စီစီက ပြောကြားသည်။

ခေါင်းဆောင်များအနေဖြင့် ရာဖာမြို့၌ အစ္စရေး၏ အလုံးစုံထိုးစစ်ဆင်မှုမှာ အရပ်သားများအပေါ် ကျရောက်မည့် အန္တရာယ်များနှင့် ပတ်သက်၍ အလွန်စိုးရိမ်မိကြောင်း ဥရောပကော်မရှင် ဥက္ကဋ္ဌက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# ဆိုမာလီပင်လယ်ဓားပြများ ပြန်ပေးဆွဲထားသော ကုန်တင်သင်္ဘောကို အိန္ဒိယရေတပ် ထိန်းချုပ်

**နယူးဒေလီ မတ် ၁၈**




ဆိုမာလီ ပင်လယ်ဓားပြများက ပြန်ပေးဆွဲထားသော ကုန်တင်သင်္ဘောတစ်စင်းကို ထိန်းချုပ်လိုက်ပြီဖြစ်ကြောင်းနှင့် သင်္ဘောအမှုထမ်းများကို အန္တရာယ်ကင်းစွာ ကယ်ထုတ်နိုင်ခဲ့ကြောင်း အိန္ဒိယရေတပ်က ပြောသည်။

ဆိုမာလီယာ ကမ်းလွန်တွင် တွေ့ရှိသော ပြန်ပေးဆွဲသင်္ဘောကို ကြားဖြတ်ဟန့်တားရန် သောကြာနေ့က ဖျက်သင်္ဘောတစ်စင်း စေလွှတ်ခဲ့ကြောင်း အိန္ဒိယရေတပ်က ပြောသည်။

အဆိုပါကုန်တင် သင်္ဘောကို လွန်ခဲ့သည့် ဒီဇင်ဘာလတွင် ပင်လယ်ဓားပြများက ပြန်ပေးဆွဲထားခြင်းဖြစ်သည်။

ရေတပ်က ထုတ်ပြန်သော ရုပ်သံဖိုင်တွင် ကုန်တင်သင်္ဘော ကုန်းပတ်ပေါ်မှ ရဟတ်ယာဉ်ကို ပစ်ခတ်နေကြောင်း ဖော်ပြထားသည်။ ပင်လယ်ဓားပြ ၃၅ ဦးစလုံး လက်နက်ချခဲ့ပြီး သင်္ဘောအမှုထမ်း ၁၇ ဦးကို ဘေးအန္တရာယ်ကင်းစွာ ကယ်ထုတ်နိုင်ခဲ့ကြောင်း ရေတပ်က ပြောသည်။

ဆိုမာလီယာ ကမ်းလွန်ပင်လယ်ပြင်နှင့် အေဒင်ပင်လယ်ကွေ့တို့တွင် ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်ကြား နှစ်စဉ်ပင်လယ်ဓားပြမှု ၂၀၀ ကျော် ဖြစ်ပွားမှုရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် နှောင်းပိုင်းတွင် ဆိုမာလီပင်လယ်ဓားပြများ၏ တိုက်ခိုက်မှုများ ပြန်လည်မြင့်တက်လာခဲ့သည်။

နိုဝင်ဘာနောက်ပိုင်း ယီမင်နိုင်ငံအတွင်းရှိ အီရန်ကျောထောက်နောက်ခံပြု ဟူသီများကလည်း ပင်လယ်နီတွင် ကုန်တင်သင်္ဘောများကို ပစ်မှတ်ထားတိုက်ခိုက်မှု လုပ်ဆောင်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်း၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု သုံးဆမြင့်တက်လာ

**ဟနွိုင်း မတ် ၁၈**

ဗီယက်နမ်နိုင်ငံ၏ မြို့တော်ဟနွိုင်း၌ ယခုနှစ်အစပိုင်းမှစတင်ကာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၅၁၃ ဦး ရှိသည့်အတွက် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် သုံးဆမြင့်တက်လာကြောင်း ဟနွိုင်းရောဂါထိန်းချုပ်ရေး စင်တာကို ကိုးကား၍ ဒေသမီဒီယာက တနင်္လာနေ့တွင် ပြောသည်။

**ပျမ်းမျှ ၁၇ ဦးမှ ၂၄ ဦးအထိ ရောဂါကူးစက်**

မကြာသေးမီ သီတင်းပတ်များအတွင်း ဟနွိုင်းသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိပြီး သီတင်းတစ်ပတ်လျှင် ပျမ်းမျှ ၁၇ ဦးမှ ၂၄ ဦးအထိ ရောဂါကူးစက်ဖြစ်ပွားကြောင်း ဗီယက်နမ်နယူးစ်က အစီရင်ခံဖော်ပြထားသည်။

**၂၀၂၃ ခုနှစ်တွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားသူ ၁၇၂,၀၀၀ ရှိ**

၂၀၂၃ ခုနှစ်တွင် ဟနွိုင်းသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၃၆၇၉၅ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ဗီယက်နမ်နိုင်ငံ၌ ၂၀၂၃ ခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၇၂,၀၀၀ တွင် ၄၃ ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဩစတြေးလျမြောက်ပိုင်း၌ အားကောင်းသော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း မီဂန် တိုက်ခတ်

**ဆစ်ဒနီ မတ် ၁၈**

ဩစတြေးလျမြောက်ပိုင်း ဒေသကြီး (အင်န်တီ) ရှိကုန်းတွင်းပိုင်း၌ မတ် ၁၈ ရက် မွန်းလွဲပိုင်းတွင် ပြင်းထန်သည့်အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ကြောင်း ဩစတြေးလျမိုးလေဝသအေဂျင်စီ (ဘီအိုအမ်)က ပြောကြားသည်။


မုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်လဲကျနေမှုကို တွေ့ရစဉ်။

အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း မီဂန်မှာ ဩစတြေးလျဆိပ်ကမ်း McArthur ၏အရှေ့တောင်ဘက်၌ ဩစတြေးလျစံတော်ချိန် ညနေ ၃ နာရီခွဲက ကမ်းရိုးတန်းကို ဖြတ်သန်းတိုက်ခတ်ခဲ့ပြီး ညတွင်းချင်း ကုန်းတွင်းပိုင်းသို့ တဖြည်းဖြည်းရွေ့လျားမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသဌာနက ကြေညာထားသည်။

လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၂၀၀ ကီလိုမီတာအထိ တိုက်ခတ်လျက်ရှိကြောင်း သိရသည်။ အဆိုပါမုန်တိုင်းမှာ ကမ်းရိုးတန်းသို့ တိုက်ခတ်ပြီးနောက် ကုန်းတွင်းပိုင်းသို့ စတင်ရွေ့လျားဖွယ်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# လာအိုနိုင်ငံ၏ ကုန်သွယ်မှုလိုငွေ ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ ၁၈၈ သန်းရှိ

**ဗီယင်ကျန်း မတ် ၁၈**

လာအိုနိုင်ငံသည် ဇန်နဝါရီလတွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၈၈ သန်းရှိကြောင်း လာအိုကုန်သွယ်ရေးပေါ်တယ် ဝက်ဘ်ဆိုက်၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ဇန်နဝါရီလတွင် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော်ရှိပြီး အမေရိကန်ဒေါ်လာ ၅၆၁ သန်းမှာ ပို့ကုန်တန်ဖိုးဖြစ်ကာ ကျန် ၇၄၉ သန်းမှာ သွင်းကုန်တန်ဖိုးဖြစ်ကြောင်း အဆိုပါဝက်ဘ်ဆိုက်တွင် တနင်္လာနေ့က ထုတ်ပြန်သော အစီရင်ခံစာအရ သိရသည်။

တရုတ်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည် လာအိုနိုင်ငံ၏ အဓိကတင်ပို့သောနိုင်ငံများဖြစ်သည်။ ထို့အပြင် လာအိုနိုင်ငံ၏ အဓိကတင်သွင်းသည့် နိုင်ငံများတွင် ထိုင်း၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ကြောင်း ၎င်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**




# လိမ်လည်မှု သံသယရှိသူ ၃၃၉ ဦးကို စင်ကာပူ ရဲတပ်ဖွဲ့ ဖမ်းဆီး

**စင်ကာပူ မတ် ၁၈**

စင်ကာပူရဲတပ်ဖွဲ့သည် လိမ်လည်မှုဖြင့် အသက် ၁၆ နှစ်နှင့် ၇၆ နှစ်ကြား သံသယရှိသူ ၃၃၉ ဦးကို မတ် ၁ ရက်မှ ၁၄ ရက်အထိ ရဲတပ်ဖွဲ့လှုပ်ရှားမှုအတွင်း ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့၏ မကြာသေးမီ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။ အဆိုပါ သံသယရှိသူများသည် အင်တာနက်ချစ်မှုရေးရာ လိမ်လည်မှုများ၊ သူငယ်ချင်း အယောင်ဆောင် လိမ်လည်မှုများ၊ အီလက်ထရွန်နစ်လိမ်လည်မှုများ၊ အလုပ်အကိုင် လိမ်လည်မှုများနှင့် ရင်းနှီးမြှုပ်နှံမှု လိမ်လည်မှုများအပါအဝင် အမှုပေါင်း ၁၁၀၀ ကျော်တွင် ပါဝင်ပတ်သက်နေကြောင်း သိရသည်။

**ဆင်ဟွာ**

# စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဒုတိယအကြိမ်)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



**မုံရွာ မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဒုတိယအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၈ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ စစ်ကိုင်းခရိုင်၊ ရေဦးခရိုင်၊ ရွှေဘိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်သူ့စစ်မှုထမ်းဥပဒေအား ပြဋ္ဌာန်းကျင့်သုံးလာမှုအပေါ် ပြည်ပမီဒီယာများက ကောလာဟလသတင်းမျိုးစုံထုတ်လွှင့်ကာ ပြည်သူနှင့်တပ်မတော်အစိုးရအပေါ် အထင်အမြင်လွဲမှားသည့် လုပ်ဆောင်လာမှုများကို တွေ့ရှိရ၍ နိုင်ငံတော်အနေဖြင့် ပြည်သူလူထုအား အခြေအနေမှန်များသိရှိအောင် နည်းလမ်းမျိုးစုံဖြင့် ချပြရှင်းလင်းခဲ့ပြီး အနီးစပ်ဆုံးပြည်သူ့ဝန်ထမ်းများနှင့် နီးစပ်ရာမိသားစု အသိုင်းအဝိုင်းများကိုလည်း ရှင်းလင်းအသိပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေပြင်တွင် အမှန်တကယ်လုပ်ဆောင်ကြရမည့် ခရိုင်/မြို့နယ်အဖွဲ့များအနေဖြင့် လုပ်ဆောင်ရမည့်တာဝန်အား သိရှိနားလည်ကာ ရည်မှန်းချက်အောင်မြင်အောင် အစီအမံများ စနစ်တကျရေးဆွဲလုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း။

တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူအားလုံးအနေဖြင့် မြို့နယ်/ရပ်ကွက်/ကျေးရွာများရှိ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အကျုံးဝင်သူများ၏ စာရင်းကောက်ယူရေးလုပ်ငန်းများအား သတ်မှတ်ထားသည့်ကာလတွင် အချိန်မီကောက်ယူပြီးစီးရေး အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ Working Group များ အနေဖြင့်လည်း ပေးအပ်ထားသည့်တာဝန်များအား ကြိုးစားဆောင်ရွက်သွားရန်နှင့် ဆက်စပ်ဌာနများ တစ်ခုနှင့်တစ်ခု အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် မိမိတို့ခရိုင်/မြို့နယ်များအတွင်းရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး စာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများ၊ မုံရွာခရိုင် ဒုတိယအုပ်ချုပ်ရေးမှူးက ခရိုင်အတွင်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး/ခရိုင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ မိမိတို့ဌာနများအလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး စာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးလုပ်ငန်များ ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# (၇၉) နှစ်မြောက် တပ်မတော်နေ့တွင် ပါဝင်ချီတက်ကြမည့် တပ်မတော်စစ်ကြောင်းကြီးများအား ခမ်းနားစွာကြိုဆိုဂုဏ်ပြုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင် (၇၉) နှစ်မြောက် တပ်မတော်နေ့၌ ပါဝင်ချီတက်ကြမည့် တပ်မတော်စစ်ကြောင်းကြီးများအား ခမ်းနားစွာကြိုဆိုဂုဏ်ပြုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် (၇၉) နှစ်မြောက် တပ်မတော်နေ့တွင် ပါဝင်ချီတက်ကြမည့် တပ်မတော်စစ်ကြောင်းကြီးများအား ခမ်းနားစွာကြိုဆိုဂုဏ်ပြုနိုင်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးက ဆွေးနွေးတင်ပြပြီး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီမှ တာဝန်ရှိသူများက ကဏ္ဍများအလိုက် လုပ်ငန်းများဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မွန်ပြည်နယ်နေ့အထိမ်းအမှတ် မွန်ရိုးရာ အဆို၊ အက၊ အတီးပြိုင်ပွဲ လာရောက်ကြည့်ရှုသူများဖြင့် အထူးစည်ကား



**မော်လမြိုင် မတ် ၁၈**

နှစ်(၅၀) ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ အထိမ်းအမှတ် မွန်ရိုးရာ အဆို၊ အက၊ အတီးပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့ညတွင် မော်လမြိုင်မြို့ရှိ သမိန်ဗရမ်း ဘက်စုံသုံးကွင်း၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိရာ လာရောက်အားပေးကြည့်ရှုသူ ပရိသတ်များဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့တွင် မွန်ရိုးရာ အဆို၊ အက၊ အတီးပြိုင်ပွဲ အလွတ်တန်း အဖွဲ့လိုက်ယိမ်းပြိုင်ပွဲ၊ အမျိုးသမီး အဆိုပြိုင်ပွဲ၊ အလွတ်တန်း တပင်တိုင်အကပြိုင်ပွဲ၊ အသက် (၂၀) အောက် လဆန်းတူရိယာပြိုင်ပွဲ နှင့် ဝါးပတ္တလား ပြိုင်ပွဲ၊ အသက် (၂၀) အထက် ဝါးပတ္တလားပြိုင်ပွဲနှင့် အလွတ်တန်း ခေတ်ဟောင်းနှစ်ပါးသွားပြိုင်ပွဲများကို ကျင်းပလျက်ရှိသည်။

"နိုင်ငံရဲ့ တိုင်းရင်းသားတွေထဲမှာ လူမျိုးတစ်မျိုးဖြစ်တဲ့ ကျွန်မတို့ မွန်တိုင်းရင်းသားတွေ အထွတ်အမြတ်ထားတဲ့ ရိုးရာယဉ်ကျေးမှုတွေကို အနုစ်သာရပြည့်စုံစေတဲ့ ပြိုင်ပွဲလို့ ဆိုချင်ပါတယ်။ မွန်ရိုးရာ အဆို၊ အက၊ အတီးတွေဟာ မွန်တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးစံတွေကိုလည်း ထင်ဟပ်စေပါတယ်။ ဆက်လက်ပြီးတော့ ထိန်းသိမ်းသွားဖို့ လိုအပ်ပါတယ်။ ဒီနေ့ ပြိုင်ပွဲတွေကို စိတ်ဝင်တစား လာရောက်ကြည့်ရှုတဲ့သူ အများကြီးတွေ့ရတဲ့အတွက် အားရဝမ်းသာမိပါတယ် "ဟု ချောင်းဆုံမြို့မှ မိစန္ဒာလင်း က ပြောသည်။

မွန်ရိုးရာ အဆို၊ အက၊ အတီးပြိုင်ပွဲကို မွန်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အနုသုခုမများ မပျောက်ပျက်၊ မတိမ်ကောအောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် မျိုးဆက်သစ် အနုပညာရှင်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

**သက်နိုင်(မော်လမြိုင်)**

# ဇန်းမော်မြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဇန်းမော်တက္ကသိုလ်မေဂျာပေါင်းစုံ စာမေးပွဲဖြေဆို

**ဇန်းမော် မတ် ၁၈**

ကချင်ပြည်နယ် ဇန်းမော်မြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်မေဂျာပေါင်းစုံ စာမေးပွဲကို မတ် ၁၈ ရက် နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ဒေသ အခြေအနေအရ ရွှေ့ပြောင်းဖြေဆိုခဲ့ကြောင်း သိရသည်။



အဆိုပါ ဇန်းမော်တက္ကသိုလ် မေဂျာပေါင်းစုံမှ ပထမနှစ်ဝက်နှင့် ဒုတိယနှစ်ဝက်စာမေးပွဲကို ပထမနှစ်မှ မဟာတန်းအထိ စာရင်းရှိ လူဦးရေ ၁၆၈၀ အနက် ဖြေဆိုသူ ဦးရေ ၁၅၆၆ ဦး၊ ပျက်ကွက်သူ ဦးရေ ၁၄၄ ဦးရှိပြီး စာမေးပွဲဖြေဆိုနေမှုကို ဇန်းမော်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နေသွယ်ကြည်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးသည်။

ဇန်းမော်တက္ကသိုလ် မေဂျာပေါင်းစုံ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့လုံခြုံစွာ ဖြေဆိုနိုင်စေရန်အတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များတွင် လုံခြုံရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှု ပေးလျက်ရှိကြောင်းနှင့် စာမေးပွဲကို မတ် ၁၉ ရက်မှ ၂၅ ရက်အထိ ဖြေဆိုမည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

# တွံတေးမြို့နယ်၌ နွေရာသီအားကစားသင်တန်းများ သင်ကြားပေးလျက်ရှိ

**ရန်ကုန် မတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစားသင်တန်းကို အုန်းပင်စုရပ်ကွက် မြို့မဘောလုံးကွင်း ဗိုလ်မှူးအောင်ဆန်းသူရိယ အေးချိုအားကစားခန်းမနှင့် (ခ)အဆင့် အားကစားရုံတို့တွင် မတ် ၁၇ ရက်က သင်ကြားပေးလျက်ရှိရာ အားကစားဝါသနာပါသူ သင်တန်းသား သင်တန်းသူများ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

သင်တန်းတွင် ဘောလုံးအားကစားနည်းကို မြို့မဘောလုံးကွင်း၌ လည်းကောင်း၊ ဘော်လီဘော၊ ကြက်တောင်ရိုက်အားကစားနည်းကို ဗိုလ်မှူးအောင်ဆန်းသူရိယအေးချိုခန်းမ၌ လည်းကောင်း၊ တိုက်ကွမ်ဒိုအားကစားနည်း၊ စားပွဲတင်တင်းနစ်ကို (ခ)အဆင့် အားကစားရုံ၌လည်းကောင်း၊ Fitness Dance ကို ဗိုလ်မှူးအောင်ဆန်းသူရိယအေးချိုခန်းမ၌ အချိန်များ သတ်မှတ်၍ ရက် ၃၀ ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ယနေ့အထိ လာရောက်သင်ကြားသူ ကျား ၆၇ ဦး၊ မ ၅၁ ဦး စုစုပေါင်း ၁၁၈ ဦး ရှိပြီဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**တွံတေးသား**





○ *ကျောဖုံးမှ*

လီဗာပူးအသင်းသည် မိနစ် ၇၀ အထိ မန်ယူအသင်းဘက်သို့ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု အကြိမ်ကြိမ်ပြုလုပ်နိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ဆာဘော့ဆလိုင်း၊ ရော်ဘတ်ဆန်နှင့် အဓိကတိုက်စစ်ကစားသမားဆာလာတို့ကို လူစားလဲခဲ့သောကြောင့်ကစားအား သိသိသာသာ ကျဆင်းသွားခဲ့သည်။

လီဗာပူးအသင်းသည် မန်ယူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိရန် နီးစပ်ခဲ့သော်လည်း ပွဲချိန် ၈၇ မိနစ်တွင် အန်တိုနီ၏ ချေပဂိုးကြောင့် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည့်အတွက် အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရသည်။ အချိန်ပို ပွဲချိန်ပြည့်ခါနီးတွင် မန်ယူအသင်းအတွက် အနိုင်သေချာစေမည့် စတုတ္ထဂိုးကို လူစားဝင် လူငယ်တိုက်စစ်ကစားသမား ဒီယယ်လိုက သွင်းယူပေးနိုင်ခဲ့သောကြောင့် မန်ယူအသင်းက လေးဂိုး- သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အနိုင်ဂိုး သွင်းယူပြီးနောက် အင်္ကျီချွတ် အောင်ပွဲခံခဲ့သော ဒီယယ်လိုသည် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ မန်ယူအသင်းအတွက် သွင်းဂိုးများကို တွန်မီနေး၊ အန်တိုနီ၊ ရက်ဖို့ဒ်နှင့် ဒီယယ်လိုတို့က သွင်းယူပေးပြီး လီဗာပူးအသင်းအတွက် သွင်းဂိုးများကို မက်အလစ္စတာ၊ ဆာလာနှင့် အီလီအော့တို့က သွင်းယူပေးနိုင်ခဲ့သည်။

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားပြီးနောက် ဆီမီးဖိုင်နယ်ပွဲစဉ်များကို မဲခွဲထုတ်ပြန်ခဲ့ရာ ချန်ပီယံရှစ်ကလပ် ကိုဗင်ထရီမန်ယူအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လက်ရှိချန်ပီယံ မန်စီးတီးအသင်းက အသင်းကြီး ချယ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

❑*ကျောဖုံးမှ*

အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မှ ပုံမှန်ထွက်ခွာလာသော အမှတ် (၈၁) အဆန်လူစီးရထားသည် နံနက် ၉ နာရီ ၁၀ မိနစ်အချိန်တွင် ပဲခူးဘူတာသို့ အချိန်မှန် ရောက်ရှိ/ထွက်ခွာ၍ ကျိုက်ထိုဘူတာသို့ မွန်းလွဲ ၁၂ နာရီ ၆ မိနစ်တွင် ရောက်ရှိရပ်နားကာ ရထားတွင် လိုက်ပါစီးနင်းသည့် ခရီးသည် ၄၄၉ ဦးအား မော်တော်ယာဉ် ခုနစ်စီးဖြင့် သထုံဘူတာသို့ မွန်းလွဲ ၁ နာရီတွင် ပို့ဆောင်ပေးခဲ့ပြီး နံနက် ၉ နာရီ ၁၀ မိနစ်တွင် မော်လမြိုင်မှ စတင်ထွက်ခွာလာသည့် အမှတ် (၈၂) အစုန်ရထားသည် သထုံဘူတာသို့ နံနက် ၁၁ နာရီ ၃၈ မိနစ်တွင် ရောက်ရှိရပ်တန့်၍မော်တော်ယာဉ်များဖြင့် လိုက်ပါလာသည့် အမှတ် (၈၁) အဆန်ရထားမှ ခရီးသည်များအား မော်လမြိုင်ဘက်သို့ ဆက်လက်ပို့ဆောင်ပေးခဲ့သည်။ သထုံဘူတာတွင် ရောက်ရှိနေသည့် အမှတ် (၈၂) အစုန်ရထားစီး ခရီးသည် ၄၄၁ ဦးအား အဆိုပါ မော်တော်ယာဉ်များဖြင့် ကျိုက်ထိုဘူတာသို့ မွန်းလွဲ ၂ နာရီခွဲတွင် ပို့ဆောင်ပေးခဲ့ပြီး အမှတ်(၈၁) အဆန်ရထားဖြင့် ရန်ကုန်သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ပြီး ခရီးသည်များအား မော်တော်ယာဉ်များဖြင့် ရထားပေါ်သို့ ကူးပြောင်းပို့ဆောင်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသ တာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ရောက်ရှိလာပြီး နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထား ဝန်ထမ်းများကလည်း လမ်းချော်ကျသော စက်ခေါင်းနှင့်တွဲများအား မတင်၍ လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း အကြိမ်(၁၃၀)၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း (၅၂) ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း(၁၂)ကြိမ် ကျူးလွန်ခဲ့သည်။

နိုင်ငံတော် အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီး ဆုံးရှုံးစေရေး၊ ရထားစီး ခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ် ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှု မရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ ယုတ်မာပက်စက်စွာဖြင့် အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းအပေါ် ဒေသခံများနှင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ရန်ကုန် - မော်လမြိုင် - ရန်ကုန် ခရီးစဉ်တွင်လိုက်ပါလာသည့် ခရီးသည်များအား မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးနေစဉ်။







ပဲခူး - မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ကျောက်ရထားစက်ခေါင်းနှင့်တွဲများ လမ်းချော်ကျမှုအခြေအနေ

ကမ္ဘာ့ရေနေ့ ဂုဏ်ပြုဆောင်းပါး

# နွေရာသီမှာ ရေကိုချွေတာပါ

ခင်သန်းမြင့်

**မြန်မာနိုင်ငံမှာ နွေရာသီက အခုမှမတ်လလယ်ရှိသေးတယ် ရန်ကုန်မှာတော့ အတော်ပူပြင်းလာပြီ။ နံနက် ၉ နာရီကျော် ၁၀ နာရီဆိုတာနဲ့ နေမင်းကြီးက လင်းထိန်လာပြီး ညနေ နေစောင်းတဲ့အထိ တောက်လျှောက် ချစ်ချစ်တောက်ပူတော့တာပါပဲ။ လူကြီးတွေသာမက လူငယ်တွေပါ ထီးကိုယ်စီနဲ့ ရန်ကုန်နွေရဲ့အပူဒဏ်ကို အန်တုနေကြရတယ်။**

ဒီကြားထဲ တစ်နေ့က ရေပိုက်လေခိုပြီး ရေမရတော့လို့ တစ်အိမ်လုံး ရေကို ချွေတာသုံးစွဲဖို့ သတိပေးနေရတယ်။ ကျွန်မကလည်း ခါတိုင်းလိုပဲ ရေမောင်းတဲ့မော်တာ မီးခလုတ်လေးကို ဖွင့်ပြီး လုပ်စရာကိုင်စရာလေးတွေ လုပ်နေမိတယ်။ ငါးမိနစ်၊ ဆယ်မိနစ် ကြာတဲ့အချိန်ထိရေမလာမှ ပြန်ပိတ်လိုက်တော့ လေခိုသွားတာပေါ့။ ရေချူပြီး ပြန်ဖွင့်တော့လည်း ရေက မလာပြန်ဘူး။ ရေစက်မောင်းနေကျ ဦးလေးကြီးကို မေးကြည့်မှ ရေတွင်းက ရေကျသွားလို့ ရေကို အရင်လို တစ်ခါတည်း လိုသလောက်တင်လို့ မရတော့ဘူး၊ နားနားပြီး တင်နေရတယ်တဲ့။ ရေကန်ထဲ ရေနည်းနေချိန်၊ ရေနဲ့ပိုက် လွတ်နေချိန်မှာ မသိဘဲ ရေတင်နေကြတော့ တချို့အခန်းတွေဆို မော်တာလောင်ကုန်ကြလို့ အသစ်ပြန်လဲယူရတယ်ဆိုပဲ။

## ရေအခက်အခဲ ကြုံတွေ့ရစမြဲ

မြန်မာနိုင်ငံမှာ ပူပြင်းခြောက်သွေ့တဲ့ နွေရာသီရောက်ပြီဆိုရင် မြေအောက်ရေတွေ ခန်းခြောက်၊ ယုတ်လျော့လေ့ရှိတာကြောင့် ရေအခက်အခဲကြုံတွေ့ရစမြဲပါ။ မှတ်မိသေးတယ် ကျွန်မတို့ငယ်စဉ်က မြို့သစ်မှာ အခုလိုနွေရာသီဆို ဘုံပိုင်ကလာတဲ့ရေကို ညသန်းခေါင်သန်းလွဲအထိ စောင့်ပြီး ခပ်ကြရတယ်။ တတ်နိုင်သူအချို့ကတော့ ရေစည်လှည်း ဝယ်သုံးကြတာပေါ့။ ရေတိုင်ကီတစ်လုံး တင်ထားတဲ့ ရေတွန်းလှည်းတစ်စည်ကို ကိုယ်တိုင် ရေစက်မှာ စောင့်ပြီးတွန်းယူရင် ၇၅ ပြား(သုံးမတ်)ပေးရတယ်။ ရေဆွဲထည့်ပေးတဲ့ ရေတွန်းလှည်းသမားငှားပြီး ထည့်ရင် တစ်ကျပ်၊ တစ်ကျပ်ခွဲ။ ဘယ်လိုပဲ ထည့်ထည့် ချက်ချင်းမရသလို လိုသလောက်လည်း မရပါဘူး။ ရေရောင်းတဲ့ အဝီစိတွင်းရေစက်မှာ ရေတွန်းလှည်းတွေ သူ့အလှည့်၊ ကိုယ့်အလှည့် တန်းစီစောင့်ကြရတာပါပဲ။ ရေတွန်းလှည်းငှားပြီး ထည့်ရင်လည်း အလွယ်တကူခေါ်မရဘူး။ သူတို့က နွေရာသီဆို ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်တွေ။ အော်ဒါတွေက အပြည့်။ ကိုယ့်အလှည့်ရောက်ဖို့ စောင့်ပေဦး။

ကျွန်မတို့အိမ်က ရေလာတော့ အနီးပတ်ဝန်းကျင်က အိမ်နီးချင်းတွေ အကုန်လုံး ပုံးကြီး ပုံးငယ်ကိုယ်စီနဲ့ ညတိုင်းရေလာခပ်ကြတယ်။ အဖေက ရေဘုံပိုင်နားမှာ မီးချောင်းတွေထွန်းပေးထားလို့ ပွဲတော်ကြီးတမျှပဲ။ တစ်ရက်တော့ အိမ်နားက ဦးလေးကြီး တစ်ယောက် ညဘက်ရေခပ်ပြီး မနက်ဆေးရုံ အရေးပေါ်ပြေးတက်လိုက်ရတယ်။ အူအတက် ပုပ်နေတာမသိဘဲ ရေပုံးနှစ်ပုံးနဲ့ ရေဆွဲကောင်းနေလိုက်တာ မနက်ကျမှ အောင့်တယ်၊ အောင့်တယ်ဆိုပြီး ဆေးရုံအချိန်မီရောက်သွားလို့ သေကံမရောက် သက်မပျောက်ဖြစ်ရတယ်။



❁ **ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ လေ့လာသုံးသပ်ချက်တွေအရ ကမ္ဘာအရပ်ရပ်မှာဖြစ်ပွားတဲ့ ရောဂါအမျိုးမျိုးအနက် ၈၀ ရာခိုင်နှုန်းခန့်ဟာ ရေကြောင့်ဖြစ်တဲ့ ရောဂါမျိုးလို့ဆိုတယ်။ သေဆုံးမှုနှုန်းအများဆုံးကတော့ ဝမ်းပျက်ရောဂါစွဲကပ်သူတွေ ဖြစ်တယ်လို့ဆိုတယ်**

⁜ **နှစ်စဉ်ကမ္ဘာပေါ်မှာ လူပေါင်းရှစ်သိန်းသုံးသောင်းခန့်ဟာ ရေကြောင့်ဖြစ်ရတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါတွေကြောင့် သေဆုံးခဲ့ရပါတယ်။ အများစုက ငါးနှစ်အောက်ကလေးတွေဖြစ်တယ်လို့ သိရပါတယ်။ အန္တရာယ်ကင်းတဲ့ သောက်သုံးရေနဲ့ သန့်ရှင်းတဲ့ပတ်ဝန်းကျင်တစ်ရပ်ရှိမယ်ဆိုရင် ဒီသေဆုံးမှုတွေကို ကာကွယ်နိုင်တယ်လို့ ဆိုပါတယ်**

ငယ်စဉ်တုန်းကတော့ နွေရာသီဆို မြန်မာနိုင်ငံမှာ ရေဒုက္ခရောက်လိုက်တာပေါ့။ အရွယ်ရောက်လို့ ကမ္ဘာကြည့်ကြည့်နိုင်တဲ့အချိန်ကျတော့ ကျွန်မတို့နွေရာသီ ရေဒုက္ခက ဘာဟုတ်သေးလို့တုန်း။ ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ခန့်ဟာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ သန့်စင်တဲ့ ရေကို မသုံးစွဲနိုင်ကြဘူးတဲ့။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေက လူအများစုဆိုရင် ကျန်းမာရေးနဲ့ မညီညွတ်တဲ့ရေကိုသာ သောက်သုံးနေရတဲ့အတွက် ဝမ်းပျက်ရောဂါ၊ ကာလဝမ်းရောဂါလို ကူးစက်တတ်တဲ့ ရောဂါပေါင်းစုံဖြစ်ပွားခဲ့ကြပြီး ကလေးငယ်ပေါင်း သန်းနဲ့ချီသေဆုံးခဲ့ကြတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေက အမျိုးသမီးသန်းပေါင်းများစွာနဲ့ ကျောင်းသားအရွယ် ကလေးငယ်တွေဆိုရင်လည်း သောက်ရေ၊ သုံးရေရရှိရေးအတွက် နေ့စဉ် အပင်ပန်းခံကြရတယ်။ ကျေးလက်ဒေသနေ အိမ်ထောင်စုသန်းပေါင်းများစွာထဲက အမျိုးသမီးတွေဟာ မိမိတို့နေထိုင်ရာကနေ မိုင်ပေါင်းများစွာ ကွာလှမ်းတဲ့ နေရာတွေအထိ နေ့စဉ်သွားရောက် ရေခပ်ကြရတယ်တဲ့။

လွန်ခဲ့တဲ့ ဆယ်စုနှစ် များစွာကဆိုရင် ဘိုလီဗီးယားနဲ့ ကိုလံဘီယာနိုင်ငံတွေမှာ မူလတန်းကျောင်းသားငယ်တွေ ရေခပ်နိုင်ရေးအတွက် နံနက်ပိုင်းကျောင်းချိန်ကို နွေရာသီမှာ တရားဝင်ပိတ်ပေးခဲ့ရတယ်။ ဆူဒန်နိုင်ငံက ကလေးငယ်အများစုဆိုရင် မိသားစုအတွက် သုံးရေနဲ့ သောက်ရေ ခပ်ရင်း အချိန်ကုန်နေရတဲ့အတွက် ကျောင်းနေခွင့်မရတာကို တွေ့ရတယ်လို့ ကုလသမဂ္ဂအဖွဲ့ကြီးမှ လေ့လာသူများက ဆိုကြတယ်။ အီသီယိုးပီးယားနိုင်ငံဆိုလည်း တစ်ချိန်က သောက်ရေ၊ သုံးရေ ရရှိဖို့ လက်ယက်တွင်းမှာ တစ်နေကုန် စောင့်ဆိုင်းပြီး ရေခပ်ကြရတယ်။

## အခက်အခဲများစွာရှိ

မြို့တွေမှာ နေထိုင်တဲ့သူထက်ဝက်ကျော်ခန့်ပဲ မိမိတို့နေထိုင်ရာ အိမ်တွေကို ပိုက်နဲ့ရေသွယ်ပြီး အသုံးပြုနိုင်ကြပါတယ်။ ရေသန့်ရရှိရေးနဲ့ သန့်ရှင်းမှုအတွက် ဆောင်ရွက်ရေးမှာ အခက်အခဲများစွာရှိပါတယ်။ မြေအောက်ရေကို စုပ်ယူရာမှာ လျှပ်စစ်စွမ်းအင်အပြင် နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင် အကူအညီတွေနဲ့ စုပ်ယူရသလို မြို့ရွာတွေရှိ အိမ်ထောင်စုတိုင်း သန့်ရှင်းသော သောက်ရေ၊ သုံးရေရရှိရေးအတွက် ပိုက်သွယ်တန်းပြီး ဆောင်ရွက်ရတဲ့ ရေသွယ်ယူရေး အစီအစဉ်ကလည်း ငွေကြေးအကုန်အကျများပါတယ်။

ပိုက်လုံးမှတစ်ဆင့် ပေးပို့တဲ့အခါမှာလည်း တစ်ခါတစ်ရံ ရေအားမမှန်တဲ့အခါ ပြတ်တောင်း ပြတ်တောင်းနဲ့ ရေအားကျသွားခြင်း၊ အချို့ပိုက်လုံးတွေဆို ရေမလုံခြင်းတွေလည်း ကြုံတွေ့ရပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံအချို့ဆို သောက်သုံးရေသွယ်တဲ့ ပိုက်လုံးတွေနဲ့ မိလ္လာပိုက်လုံးတွေကို မျှဉ်းပြိုင်ယှဉ်ပြီး သွယ်တန်းခဲ့ကြလို့ ပြင်ပမှ အညစ်အကြေးတွေဟာ သောက်သုံးရေပေးတဲ့ ပိုက်လုံးအတွင်း အလွယ်တကူစိမ့်ဝင်မှုမျိုးရှိခဲ့ပါတယ်။ မသန့်ရှင်းတဲ့ရေကို သုံးစွဲမိသူတွေဟာ အနာပေါင်းစုံစွဲကပ်လာကြတဲ့အပြင် ဝမ်းပျက်ရောဂါ၊ ကာလဝမ်းရောဂါတွေပါ ဖြစ်ပွားပြီး အသက်ဆုံးရှုံးတဲ့အထိ ခံစားခဲ့ကြရပါတယ်။

အာဖရိကတိုက်မှာဆိုရင် တစ်ချိန်က မသန့်ရှင်းတဲ့ရေကြောင့် မျက်ကန်းရောဂါ အများအပြား ဖြစ်ပွားခဲ့ဖူးပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ လေ့လာသုံးသပ်ချက်တွေအရ ကမ္ဘာအရပ်ရပ်မှာဖြစ်ပွားတဲ့ ရောဂါအမျိုးမျိုးအနက် ၈၀ ရာခိုင်နှုန်းခန့်ဟာ ရေကြောင့်ဖြစ်တဲ့ ရောဂါမျိုးလို့ဆိုတယ်။ သေဆုံးမှုနှုန်းအများဆုံးကတော့ ဝမ်းပျက်ရောဂါစွဲကပ်သူတွေ ဖြစ်တယ်လို့ဆိုတယ်။

အကယ်၍ လူတိုင်းသန့်စင်တဲ့ရေကို သောက်သုံးပြီး အညစ်အကြေးစွန့်ပစ်မှုကိုလည်း စနစ်တကျဆောင်ရွက်ကြမယ်ဆိုရင် လူတိုင်းကျန်းမာရေးအခြေအနေကောင်းမွန်တိုးတက်လာပြီး ကလေးငယ်တွေ သေဆုံးမှုနှုန်းလည်း လျော့နည်းသွားနိုင်တယ်လို့ သုံးသပ်ခဲ့ကြတယ်။ ဒါ့အပြင် ရေကိုအလွယ်တကူရနိုင်မယ်ဆိုရင် မျက်မှောက်ကာလလို ရေအတွက် အချိန်ဖြုန်းတီးမနေရတော့ဘဲ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေမှာ အချိန်ကို အသုံးချနိုင်မယ်။ ထိုနည်းတူစွာပဲ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ရိုးရာဓလေ့လို ခေတ်အဆက်ဆက် ရေခပ်လုပ်ငန်းကို လုပ်ကိုင်နေရတဲ့ အမျိုးသမီးတွေအတွက်လည်း အိမ်ထောင်စုထိန်းသိမ်းတဲ့ လုပ်ငန်း၊ အိမ်ထောင်စုအတွက် အပိုဝင်ငွေရရှိနိုင်ရေး လုပ်ငန်းတွေကို ဆောင်ရွက်နိုင်မယ်၊ အေးချမ်းစွာ ပညာသင်ကြားနိုင်မှာဖြစ်တယ်လို့ ဆိုတယ်။ ဒီအတွက် ကုလသမဂ္ဂနဲ့ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းတွေက လူတိုင်း သန့်ရှင်းသောရေရရှိရေးနဲ့ နေထိုင်မှုသန့်ရှင်းရေးကို ၁၉၈၀ ကျော်လွန် နှစ်များအတွင်းကစပြီး ဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

## လူသန်း ၂၀၀၀ ခန့် သောက်ရေသန့် မရရှိကြ

လက်ရှိအချိန်အထိ ကမ္ဘာ့လူဦးရေရဲ့ လေးပုံတစ်ပုံဟာ အန္တရာယ်ကင်းအောင် စီမံထားတဲ့သောက်ရေ မရရှိကြသေးဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)က အစီရင်ခံထားပါတယ်။ ဒါဟာ ကမ္ဘာပေါ်က လူသန်း ၂၀၀၀ ခန့်ဟာ သောက်ရေသန့် မရရှိကြသေးဘူးလို့ ဆိုလိုတာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ နှစ်စဉ်ကမ္ဘာပေါ်မှာ လူပေါင်းရှစ်သိန်းသုံးသောင်းခန့်ဟာ ရေကြောင့်ဖြစ်ရတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါတွေကြောင့် သေဆုံးခဲ့ရပါတယ်။ အများစုက ငါးနှစ်အောက်ကလေးတွေဖြစ်တယ်လို့ သိရပါတယ်။ အန္တရာယ်ကင်းတဲ့ သောက်သုံးရေနဲ့ သန့်ရှင်းတဲ့ပတ်ဝန်းကျင်တစ်ရပ်ရှိမယ်ဆိုရင် ဒီသေဆုံးမှုတွေကို ကာကွယ်နိုင်တယ်လို့ ဆိုပါတယ်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Antonio Guterres ကလည်း မကြာသေးမီက တွစ်တာကနေတစ်ဆင့် "သောက်သုံးရေရရှိရေးနဲ့ သန့်ရှင်းရေးကို ၂၀၃၀ ပြည့်နှစ်မှာ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ရရှိအောင် ဖော်ဆောင်ဖို့ ချမှတ်ထားပေမယ့်လည်း ဒါကိုအကောင်အထည်ဖော်နိုင်ခြင်းမရှိတာကို ဝမ်းနည်းဖွယ်တွေ့မြင်နေရတယ်" လို့ ပြောဆိုခဲ့ပါတယ်။ လက်ရှိအချိန်အထိ သန်းထောင်နဲ့ချီတဲ့ ကမ္ဘာ့ပြည်သူတွေဟာ ဘေးအန္တရာယ်ကင်းပြီး သန့်ရှင်းတဲ့ သောက်သုံးရေမရရှိကြသလို အိမ်သာတွေလည်း မရှိကြသေးဘူးလို့ အတွင်းရေးမှူးချုပ်က ပြောထားပါသေးတယ်။

ကဲ... သန့်ရှင်းတဲ့သောက်သုံးရေ ရရှိသုံးစွဲနိုင်ဖို့ဆိုတာ လွယ်ကူကြရဲ့လား။ နေပြည်တော်၊ ရန်ကုန်စတဲ့မြို့ကြီးပြကြီးတွေမှာ နေထိုင်ကြသူတွေအဖို့ကတော့ သာမန်ကြည့်ရင် လွယ်ကူတယ်လို့ ထင်ကောင်းထင်ကြမှာပါပဲ။ လက်ညှိုးကလေးတစ်ချောင်းနဲ့ ရေမော်တာခလုတ်လေးကို

စာမျက်နှာ ၁၇ သို့

## ခိုလမ်မြို့၌ တောမီး၊ တောင်ယာမီးရှို့ခြင်း မရှိစေရေးနှင့် ရေချွေတာသုံးစွဲရေး အသိပညာပေး ဟောပြော

ခိုလမ် မတ် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့တွင် သစ်တောဦးစီးဌာနမှ တောမီးရှို့ခြင်း၊ တောင်ယာမီးရှို့ခြင်းနှင့် ရေချွေတာသုံးစွဲရေး အသိပညာပေးဟောပြောပွဲကို မတ် ၁၇ ရက်က မတ်လန်းကျေးရွာ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် လွိုင်လင်ခရိုင် သစ်တောဦးစီးဌာန၌ တောအုပ်ကြီးဦးဇော်မင်းအောင်က တောမီးရှို့ခြင်း၊ တောင်ယာမီးရှို့ခြင်းများ မပြုလုပ်စေရေး၊ ရေချွေတာသုံးစွဲရေးနှင့် ရွှေ့ပြောင်းတောင်ယာချဲ့ထွင်မှုမပြုရေး စသည့်အကြောင်းအရာများကို ပြည်သူများ သိရှိလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ပြီး ပြည်သူများက သိရှိလိုသည့် အကြောင်းအရာများကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

နေလင်းထွန်း (ပြန်/ဆက်)



## ကျောက်ဆည်မြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဓာတ်ခွဲနည်းပညာသင်တန်းဖွင့်

ကျောက်ဆည် မတ် ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဓာတ်ခွဲနည်းပညာသင်တန်း (မွမ်းမံ-၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။ (ယာပုံ)



သင်တန်းဖွင့်ပွဲတွင် ကျောက်ဆည်မြို့ ဇီဝနည်းပညာ သုတေသန ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးအေးခိုင်က ဓာတ်ခွဲသုတေသန ဆောင်ရွက်ရန်၊ နမူနာပစ္စည်းများ တိကျစွာ စနစ်တကျ ကောက်ယူနိုင်ရန်၊ ရေ၊ မြေ၊ လေထု အရည်အသွေးများ တိုင်းတာရာတွင် အရည်အသွေးပြည့်ဝသည့် နည်းပညာရှင်များ ဖြစ်အောင် သင်ကြားပေးမည်ဖြစ်ရာ စနစ်တကျကြိုးစား သင်ယူကြရန် မှာကြားသည်။ ယင်းနောက် မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲထွန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍသည် အားလုံးနှင့် သက်ဆိုင်ကြောင်း၊ သုတေသန ဓာတ်ခွဲနည်းပညာသည် ကျယ်ပြန့်ကြောင်း၊ ရရှိလာသော အချက်အလက်များကို အချိန်၊ ပစ္စည်း၊ လူ၏ကျွမ်းကျင်မှု အတွေ့အကြုံများဖြင့်သာ ဆောင်ရွက်ရသောကြောင့် လက်တွေ့နယ်ပယ်တွင်လုပ်ငန်းများ ဆောင်ရွက်ရာ၌ စနစ်တကျရှိစေရေး ဓာတ်ခွဲနည်းပညာများ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ အဖွဲ့အစည်းအများ၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၊ တက္ကသိုလ်၊ ကောလိပ်သိပ္ပံများမှ သင်တန်းသားသင်တန်းသူ ၁၇ ဦးအား မတ် ၁၈ ရက်မှ ၂၂ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာနှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးပွဲများ မြို့နယ်များ၌ကျင်းပ

**ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့်စပ်လျဉ်း၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်များ၌ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးမှုကို စုစည်းဖော်ပြလိုက်ပါသည်။**

### သာပေါင်း

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးပွဲကို မတ် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ် စစ်ဦးစီးဗိုလ်မှူးကြီး စိုးစိုင်အောင်က ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ ပြည်သူ့စစ်မှုထမ်းရန် မှတ်ပုံတင်စာရင်းသွင်းသူများအား ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းရန် အသက်အရွယ်ရောက်သူ၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ကင်းလွတ်ခွင့်များစသည့် အကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောပြီး



တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

မျိုးဇော်သိန်း (သာပေါင်း)

### ကျောင်းကုန်း

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် သံဒင်းအိုင်ကျေးရွာ နိဗ္ဗန္ဒကမ္မဌာန်းကျောင်း၌ မတ် ၁၇ ရက်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပရာ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ကော်မတီအဖွဲ့ဝင် ဗိုလ်မှူး နေဝင်းနောင်တို့က ပြည်သူ့စစ်မှုထမ်းဥပဒေပါ အချက်များနှင့် ဥပဒေအရ အကျုံးဝင်သူများကို မှတ်ပုံတင်ထားမည်ဖြစ်သော်လည်း အကျုံးဝင်သူအားလုံးကို ချက်ချင်းလက်ငင်း ခေါ်ယူမည်မဟုတ်ကြောင်း၊ အွန်လိုင်းပေါ်တွင် လှုံ့ဆော်နေသည့် သတင်းမှားများကြောင့် စိုးရိမ်ရန်မလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးကော်မတီအဖွဲ့ဝင် ရဲမှူးအောင်နိုင်ဦးက လူမှုကွန်ရက်က လှုံ့ဆော်နေမှုများကို မယုံကြည်ကြရန်၊ နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားအားလုံး ပြည်သူ့စစ်မှုထမ်းရန် တာဝန်ရှိကြောင်း၊ လိုအပ်ချက်အရသာ ခေါ်ယူမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ဝင်းကြိုင် (ပြန်/ဆက်)

*စာမျက်နှာ ၁၆ မှ*

ဒေါက်ပိုးဆိုပြီး ဖွင့်လိုက်တာနဲ့ ရေက ပိုက်ထဲက ကျလာတာကိုး။ အလွယ်တကူရတော့လည်း အချို့က ရေကို ချွေတာရကောင်းမှန်း မသိကြတော့ဘူး။ တချို့က မျက်နှာသစ်စဉ်၊ သွားတိုက်နေစဉ်မှာ ရေပိုက်ခေါင်းကို ပိတ်ထားရကောင်းမှန်း မသိကြဘူး၊ ဖွင့်ထားကြတယ်။ တချို့က ပန်းကန်ခွက်ယောက် ဆေးကြောတဲ့အခါ ရေပိုက်ခေါင်းကို တောက်လျှောက်အစအဆုံးဖွင့်ပြီး ဆေးကြောကြတယ်။ အဝတ်လျှော်၊ ရေချိုးတာကအစ ရေကိုသုံးစွဲရာမှ စနစ်တကျမဟုတ်ဘဲ ဖုံးပေါလအောသုံးတတ်ကြတယ်။

**ရေကို တတ်နိုင်သလောက် ချွေတာ**

မိုးနည်းရေရှား မြေလတ်နဲ့ အထက်အညာဒေသတွေမှာတော့ မိုးအခါနဲ့ ဆောင်းအခါ ရေတွင်းတွေရေမနည်းမီ ရေကိုဝအောင်ချိုးကြရတယ်။ အခုလို တပေါင်းလကစပြီး တစ်နွေလုံး ရေကို တတ်နိုင်သလောက် ချွေတာကြပေရော့။ အချို့ကျေးလက်တောရွာတွေမှာ နွေရာသီ ရေရှားပြီဆိုရင် ကိုယ်ကို ရေလောင်းချိုးနိုင်တဲ့အခြေအနေ မရှိတော့ဘူး။ အဝတ်ရေဆွတ်ပြီး ရေဖတ်တိုက်ကြရတယ်။

ယောကျ်ားများဆိုရင် ရေအိုးရှေ့မှာ ခါးတောင်းမြှောင်အောင် ကျိုက်ပြီး လက်ဝါးနှစ်ဖက်နဲ့ ရေကိုယူ၊ မျက်နှာသစ်၊ ပခုံး၊ ရင်ဘတ်တို့ကို လက်နဲ့သပ်ချ၊ ပေါင်တွေကို လက်ဝါးရေစိုနဲ့ပွတ်ရတယ်။ ကိုယ်ရေသပ်တယ်လို့ ခေါ်ကြပါတယ်။ ဒီနည်းနဲ့ပဲ ရေနို့ဆီဘူးတစ်လုံးခန့်နဲ့ တစ်နေ့တာအတွက် ရေချိုးခြင်းပြီးကြရတယ်။ မြို့ကြီးသားတွေလို ရေကို ကိုယ်ပေါ်လောင်းချိုးဖို့ဆိုတာ မကြံကောင်းမစည်ရာပါပဲ။

ရေကို ဒီလိုမခြိုးခြံမချွေတာလို့လည်း မရပါဘူး။ ရေတွင်းရှိတဲ့ရွာတွေမှာတောင် ရေတစ်တွင်းကို လူနှစ်ဆယ် အစိတ်လောက် အပြိုင်ငင်လိုက်ကြတာနဲ့ ရေက တဖြည်းဖြည်းနည်းလာပြီ။ တစ်ယောက်က မပြတ်ငင်နေ၊ တစ်ယောက်က အိမ်ပြန်ပို့နေတာတောင် တစ်မနက်မှာ တစ်အိမ်ကို ရေသုံးလေးအိုးစီပဲရတတ်ကြတယ်။ အချို့ရွာတွေဆိုရင် နွေရာသီမှာ သောက်သုံးရေရဖို့ ဝေးလံတဲ့အရပ်အထိ သွားပြီးရေခပ်ကြရတယ်။

ဒီလိုမျိုး အထက်အညာဒေသတွေမှာ နွေရာသီဆို ရေရှားပါးပြီး ရေအခက်အခဲတွေ ကြုံရတယ်ဆိုတာ အစကတော့ ကျွန်မတို့လည်းမသိပါဘူး။ ဘိုးဘွားမိဘတွေက ပြောပြခဲ့လို့ သိခဲ့ရတာပါ။ ဒါကြောင့်မို့လည်း ရန်ကုန်မှာမွေး၊ ရန်ကုန်မှာကြီးပြင်းလာခဲ့ကြတဲ့ သားသမီးတွေ၊ တူ၊ တူမတွေကို သူတို့ရေသုံးကြမ်းတဲ့အခါမျိုးမှာ သတိပေး ဆိုဆုံးမနိုင်တာပေါ့။

တကယ်တော့ တွန့်တိုကပ်စေးနဲခြင်းနဲ့ စည်းစနစ်ကျကျ ခြိုးခြံချွေတာသုံးစွဲခြင်းက မတူပါဘူး။ ကွဲပြားခြားနားပါတယ်။ မြတ်စွာဘုရားရှင်လက်ထက်တော်ကာလမှာ ဆေးဆရာကြီး ဆရာဇီဝက ကုသပေးခဲ့တဲ့ နာတာရှည်ခေါင်းကိုက်ရောဂါ စွဲကပ်နေသူ သာကေတမြို့သူ သူဌေးကတော်ကြီးတစ်ဦးဆိုရင် အင်မတန်စည်းစနစ်ဇယားကျပြီး စည်းကမ်းကြီးလှတယ်လို့ ဆိုတယ်။ တစ်စုံတစ်ခုသောပစ္စည်းကိုမျှ အလဟဿအဖြစ်မခံဘူးတဲ့။ မည်မျှအဖိုးနည်းတဲ့ပစ္စည်းဖြစ်စေ သူ့နေရာနဲ့သူ အသုံးချမှု ကျေနပ်သူဖြစ်တယ်တဲ့။ ခေါင်းကိုက်နာအတွက် ဆေးဝါးအဖုံဖုံနဲ့ ရောစပ်ပြီး နှာခေါင်းမှလောင်းထည့်တဲ့ ထောပတ်တွေ ပါးစပ်က ပြန်ထွက်လာတဲ့အခါမှာ အခိုင်းအစေတွေကို ဝါဂွမ်းတွေနဲ့ သုတ်ယူစေပြီး သိမ်းဆည်းခိုင်းလေ့ရှိတယ်။ အခိုင်းအစေတွေ ခြေထောက်နာရင်လိမ်းကျံဖို့၊ မီးမွှေးရာမှာ အသုံးပြုဖို့လို့ ဆိုတယ်။ အင်မတန်စံနမူနာယူစရာကောင်းတဲ့ စည်းစနစ်ရှိမှုမျိုးပါ။

နေပြည်တော်၊ ရန်ကုန်စတဲ့ မြို့ကြီးပြကြီးမှာ နေထိုင်ကြတဲ့သူတွေအပါအဝင် နိုင်ငံတစ်ဝန်းက ပြည်သူတွေအနေနဲ့ ပူပြင်းခြောက်သွေ့တဲ့ နွေရာသီကာလမှာ တန်ဖိုးရှိလှတဲ့ရေကို သုံးစွဲရာမှာ အလဟဿအလေအလွင့်မရှိအောင် စနစ်တကျခြိုးခြံချွေတာသုံးစွဲကြဖို့ မေတ္တာရပ်ခံ အကြံပြုတိုက်တွန်းလိုပါတယ်။ မျက်မှောက်ကာလမှာ အယ်လ်နီညို (El Nino) တို့၊ လာနီညာ (La Nina) တို့လို ကမ္ဘာ့ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုဖြစ်စဉ်တွေ ဖြစ်ပွားလာတာနဲ့အမျှ ရေရရှိနိုင်မှုဟာလည်း တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာမယ်လို့ ပညာရှင်များက ခန့်မှန်းကြတယ်။ မြေအောက်ရေဆိုတာကလည်း ကုန်ဆုံးနိုင်တဲ့၊ ကုန်ခန်းနိုင်တဲ့ သဘာဝအရင်းအမြစ်တစ်ခုပဲ မဟုတ်ပါလား။ ။

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း သာပေါင်းမြို့နယ်အတွင်းရှိ ပြည်သူများအား အထူးကုဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေး



**သာပေါင်း မတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်မင်းထွန်းနှင့်အဖွဲ့ဝင်များက သာပေါင်းမြို့နယ်အတွင်းရှိ ပြည်သူများအား အထူးကုဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။


တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး၏ ကြီးကြပ်မှုတို့ဖြင့် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးနှင့် ဒုတိယဆေးရုံအုပ်ကြီးတို့ ဦးဆောင်သော အထူးကုဆရာဝန်ကြီးများပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့မှ သာပေါင်းမြို့နယ်အတွင်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ရာ အထွေထွေရောဂါလူနာ ၁၁၂ ဦး၊ ခွဲစိတ်လူနာ ၂၅ ဦး၊ အရိုးရောဂါလူနာ ၈၆ ဦး၊ သားဖွားမီးယပ်လူနာ ၄၁ ဦး၊ မျက်စိလူနာ ၁၁၂ ဦး၊ ကလေးလူနာ ၁၄ ဦး၊ အကြောအဆစ် ပြန်လည်သန်စွမ်းရေးလူနာ လေးဦး၊ သွားဘက်ဆိုင်ရာ ရောဂါလူနာ ၂၉ ဦး စုစုပေါင်းလူနာ ၄၂၃ ဦးတို့အား စမ်းသပ်စစ်ဆေး ဆေးကုသမှုပေးခြင်း၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်ခြင်း ၆၀၊ ECG နှလုံးစက်ဆွဲခြင်း ၅၇ ဦး၊ လူနာ သုံးဦးတို့အား အသေးစားခွဲစိတ်ခြင်း၊ အရိုးကျိုးလူနာတစ်ဦးအား ကျောက်ပတ်တီးစီးခြင်းတို့ကို ပြုလုပ်ခဲ့ကြပြီး မျက်စိခွဲစိတ်ရန်လူနာ ကိုးဦး၊ လည်ပင်းကြီးရောဂါခွဲစိတ်ရန် လူနာနှစ်ဦး၊အထွေထွေခွဲစိတ်ရန် လူနာ ၁၂ ဦး၊ မီးယပ်ရောဂါ လူနာ ခုနစ်ဦးတို့အား ခွဲစိတ်ကုသရန်အတွက် ပုသိမ်ပြည်သူ့ဆေးရုံကြီးသို့ ညွှန်းပို့ခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**မျိုးဇော်သိန်း သာပေါင်း(ပြန်/ဆက်)**

## ကလေးမြို့ရှိ ဆည်မြောင်းရုံးနှင့် သစ်တောရုံး မီးလောင်ပြာကျမှု လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ချက်ဖြစ်ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၁၈

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ တပ်စွဲထားသော ခရိုင်ဆည်မြောင်းရုံးနှင့် ခရိုင်သစ်တောရုံးတို့ မတ် ၁၇ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ပြီး အဆိုပါမီးလောင်မှုမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ချက်ဖြစ်ကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ပြည်သူများမှ အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။**




အဆိုပါ သတင်းနှင့် ပတ်သက်၍ မီးလောင်မှုဖြစ်စဉ်တွင် မျက်မြင်တွေ့ရှိသူ ပြည်သူတစ်ဦး၏ ပြောကြားချက်အရ မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းမဟုတ်ဘဲ PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ပြီး နေအိမ်များ မီးကူးစက်လောင်မှုမရှိစေရန်အတွက် မီးငြိမ်းသတ်ရန် ရောက်ရှိလာသည့် ပြည်သူများကိုတားဆီး၍ အဆိုပါရုံးများတွင် မိုင်းများ ထောင်ထားသည်ဟု ပြည်သူများကို ခြိမ်းခြောက်၍ ပြန်ခိုင်းခဲ့ကြောင်း၊ ခရိုင်ဆည်မြောင်းရုံးနှင့် ခရိုင်သစ်တောရုံးတို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ တပ်စွဲထားခြင်း မရှိသည်မှာ လအတော် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူများအား သတင်းအမှန်များ အချိန်နှင့်တစ်ပြေးညီသိရှိစေရန် ရေးသားထုတ်လွှင့်ခြင်းမရှိဘဲ သတင်းတု၊ သတင်းအမှားများ ဖြင့်သာ သတင်း အဆိပ်ခတ်လျက်ရှိပြီး နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် တစ်ဖက်သတ်စွပ်စွဲ ရေးသားချက်များကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။

**သတင်းစဉ်**

## ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

## စစ်ကိုင်းပညာရေးတက္ကသိုလ်၌ စာမေးပွဲကျင်းပ

**စစ်ကိုင်း မတ် ၁၈**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်ရှိ စစ်ကိုင်းပညာရေး တက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စာမေးပွဲကို မတ် ၁၈ ရက်မှ ၂၉ ရက်အထိ ကျင်းပလျက်ရှိသည်။

အဆိုပါစာမေးပွဲတွင် ပညာရေးဘွဲ့ ပထမနှစ်သင်တန်း (ပထမနှစ်ဝက်) ၄၆၂ ဦး၊ ပညာရေးဘွဲ့ ဒုတိယနှစ်သင်တန်း (ပထမနှစ်ဝက်) ၅၆၅ ဦး၊ ပညာရေးဘွဲ့ တတိယနှစ်သင်တန်း (ပထမနှစ်ဝက်) ၁၆၄ ဦး၊ ပညာရေးဘွဲ့ စတုတ္ထနှစ်(ပထမနှစ်ဝက်) ၄၂၄ ဦး၊ ပညာရေးဘွဲ့ ပဉ္စမနှစ်သင်တန်း (ပထမနှစ်ဝက်) ၃၄၄ ဦး၊ ပညာရေးဘွဲ့ ဒုတိယနှစ် (ဒုတိယနှစ်ဝက်) ၃၂၂ ဦး၊ မဟာပညာရေးဘွဲ့ ပထမနှစ်သင်တန်း (ဒုတိယနှစ်ဝက်) ၁၁၁ ဦး၊ PhD(ကြို) သင်တန်း ၁၇ ဦး စုစုပေါင်း ၂၄၀၉ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**စစ်ကိုင်း(ပညာရေး)**



## နတ်မောက်မြို့နယ် ကုန်းဇောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နတ်မောက် မတ် ၁၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် တောင်ထောင့်ကျေးရွာအုပ်စု ကုန်းဇောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် ကျေးရွာတာဝန်ခံဝန်ထမ်းများက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်း အဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ငွေစာရင်း ဖြည့်သွင်းထားရှိမှု ရှိ၊ မရှိ စာရင်းဇယားထိန်းသိမ်းမှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သိမ့်သိမ့်မိုး**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ မတ် ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Myo Zaw Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ပေါင်မြို့နယ် ပန်းကုန်းကျေးရွာနေ ဘိုဘို (ခ) မျိုးဇော်အောင်အား ည ၉ နာရီခွဲတွင်လည်းကောင်း၊ “ဝေလျှံကျော်” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မနောမယကျေးရွာနေ သိန်းဇော်လင်းအား မတ် ၁၇ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းများ၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) သတ္တမနေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူမှုရေးသိပ္ပံဘာသာရပ်ဖြေဆိုရန် စာရင်းပေးသွင်းသူ နှစ်ဦးရှိပြီး တစ်ဦး လာရောက်ဖြေဆို

**နေပြည်တော် မတ် ၁၈**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) သတ္တမနေ့ကို ယနေ့ နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူမှုရေးသိပ္ပံဘာသာရပ် ဖြေဆိုရန် စာရင်းပေးသွင်းထားသူ နှစ်ဦးရှိပြီး တစ်ဦး လာရောက်ဖြေဆိုသည်။

လူမှုရေးဘာသာရပ် ဖြေဆိုရန် မန္တလေးတိုင်းဒေသကြီးမှ အမျိုးသား တစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသမီး တစ်ဦး စာရင်းပေးသွင်းခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသမီးတစ်ဦး လာရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အခြေခံပညာဦးစီးဌာန ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် - လူမှုရေးသိပ္ပံ

ရက်စွဲ၊ ၁၈-၃-၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့်ရာခိုင်နှုန်း | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | မန္တလေး | ၁ | ၁ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀.၀၀% | ၁၀၀.၀၀% | |
| ၂ | ရန်ကုန် | ၁ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၂ | ၂ | ၂ | ၁ | ၁ | ၂ | ၀ | ၁ | ၁ | ၁ | ၀ | ၁ | ၅၀.၀၀% | ၅၀.၀၀% | |

မှတ်ချက် - စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ လူမှုရေးသိပ္ပံဘာသာရပ်အား နိုင်ငံတစ်ဝန်း၌ ရန်ကုန်မြို့မှ တစ်ဦးတည်းဖြေဆို

**ရန်ကုန် မတ် ၁၈**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ် ဌာန ၇၃ ခုတွင် မတ် ၁၁ ရက်မှစတင်၍ မတ် ၁၉ရက်အထိ ဘာသာတွဲလေးမျိုးကို ဖြေဆိုလျက်ရှိရာ မတ် ၁၆ ရက်၌ ဘာသာတွဲ သုံးတွဲ ဖြေဆိုမှုပြီးဆုံးခဲ့ပြီး ယနေ့တွင် Stams (2) အတွဲမှ လူမှုရေးသိပ္ပံဘာသာရပ်ကို စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသူ တစ်ဦးတည်းဖြေဆိုခဲ့သည်။

၂၀၂၃ - ၂၀၂၄ ခုနှစ် စာသင်နှစ်သည် Grade 12 သင်ရိုးသစ်တွင် စနစ်သစ်ဖြင့် စတင်လေ့ကျင့်သင်ကြားရခြင်းဖြစ်ပြီး တက္ကသိုလ်စာမေးပွဲကို ဘာသာတွဲ လေးမျိုးဖြင့် ဖြေဆိုရခြင်းဖြစ်သည်။ Steams (1) တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ အတွဲဖြင့်လည်းကောင်း၊ Steams (2) တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဘောဂဗေဒအတွဲဖြင့်လည်းကောင်း၊ Stams (1) တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒအတွဲဖြင့်လည်းကောင်း၊ Stams (2) တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ လူမှုရေးသိပ္ပံနှင့် စိတ်ကြိုက်မြန်မာစာဘာသာတွဲများဖြင့် လည်းကောင်း ဘာသာတွဲလေးမျိုး၌ မိမိတို့နှစ်သက်ရာ ဘာသာတွဲများဖြင့် ကျောင်းသား ကျောင်းသူများ ဖြေဆိုခဲ့ခြင်းဖြစ်သည်။

မတ် ၁၆ ရက်တွင် Steams (1),(2)နှင့် Stams (1)အတွဲများ ဖြေဆိုမှုပြီးစီးခဲ့ပြီး Stams (2) အတွဲ ဖြေဆိုမှုမှာ မတ် ၁၉ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ပါဝင်သော Stams (2) အတွဲအား နိုင်ငံတစ်ဝန်းတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ကျောင်းသား ကျောင်းသူ နှစ်ဦး ဖြေဆိုရန် စာရင်းပေးသွင်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ စာစစ်ဌာန၌ မြန်မာစာဖြေဆိုသောနေ့မှစ၍ လာရောက်ဖြေဆိုခြင်း မရှိခဲ့ဘဲ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၂)အထက်တန်းကျောင်းစာစစ်ဌာန၌ ကျောင်းသူ တစ်ဦးတည်းသာ ဖြေဆိုလျက်ရှိကာ စိတ်ကြိုက်မြန်မာစာပါဝင်သော ဘာသာတွဲအား ခုနစ်နှစ်မြောက်အဖြစ် မလျှော့သော ဇွဲလုံ့လဖြင့် ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

## နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၈**

နေ့အပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီဆဲလ်စီးယပ်မှ ၄ ဒီဂရီဆဲလ်စီးယပ်အထိနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီဆဲလ်စီးယပ် ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ


**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော် |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်းသတင်းထောက်များ** | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၃ - ၂၀၂၄

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၅ ကျပ် | ၂၄၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၃၀ ကျပ် | ၂၇၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၄၅ ကျပ် | ၂၈၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိ

(၁၈-၃-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၀-၃-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၃-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၃,၁၆၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၉) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၆၀၀ | ၄၆၂ | ၃၈၇၉၄၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၁၄၆၆၈ | ၄၂၂၁၈၄၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၈၂ | ၆၃၉၆၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၄၂၁ | ၆၃၁၅၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၁၅ | ၃၆၇၅၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၁၃၂ | ၂၃၁၀၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၂၈၁ | ၁၃၂၀၇၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၅၄၈၂ | ၉၅၉၃၅၀၀ |

# ကျေးဇူးတင်လွှာ

၂၀၂၄ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို (၁၁-၃-၂၀၂၄)ရက်မှ (၁၉-၃-၂၀၂၄)ရက်အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာနများ၌ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ရာ စာမေးပွဲမတိုင်မီနှင့် စာမေးပွဲကာလတစ်လျှောက်လုံး အဆင်ပြေချောမွေ့စွာ ပြီးမြောက်စေရန် စောင့်ရှောက်ကူညီပံ့ပိုးပေးခဲ့ကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲ ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနစသည့် ဝန်ကြီးဌာန အသီးသီးတို့မှ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့သားများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ပညာရေးဒီကရီကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ဒုတိယ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖများနှင့် အခြားကျေးဇူးတင်ထိုက်သူများ အားလုံးကို ပညာရေးဝန်ကြီးဌာနမှ လှိုက်လှဲစွာ ဂုဏ်ပြုကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၃၉၁)၊ ဧရိယာ(၀ဒသမ ၀၅၆)ဧက အကျယ်အဝန်းရှိသော မြေကွက်ကို အမည်ပေါက်ပိုင်ရှင် **ဦးထွန်းကြိုင်ထံမှ** ကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၁၅၃/၂၀၂၃(၁၃-၁၀-၂၀၂၃)ဖြင့်ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ **ဒေါ်မိုးနန္ဒာအောင် ၁၂/ဒဂဆ(နိုင်) ၀၀၆၄၄၈**ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဦးရန်နိုင်မောင် ၈/မကန(နိုင်) ၁၈၀၀၀၆၁**က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန် ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရန်နိုင်မောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့ နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅)ဧကရှိ ဒေါ်ဥမ္မာမြင့် ၁၂/မဂတ(နိုင်)၀၅၀၉၄၇(ဘ)ဦးအောင်မြင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၀၄၀၇)ကို ပျဉ်းမနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၄၈၄/၂၀၂၃(၂၅-၇-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးသိန်းထွန်း ၁၄/ကလန(နိုင်)၀၆၄၃၆၈(ဘ)ဦးညွန့်မောင်မှ ဒေါ်ရွှေသင်း(ခ)ရွှေဖော့ ၁၂/ဒဂန(နိုင်)၀၂၁၇၈၆နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ အမှတ်(၇၅)၊ ပဥ္စမထပ်(၆-လွှာ)၊ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးလှနိုင် ၁၂/ဒပန(နိုင်) ၀၃၅၃၃၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးဇော်ထက်ဦး ၁၂/သကတ(နိုင်) ၁၈၀၄၃၂၊ ဒေါ်ဆုမြတ်နိုး ၁၂/သကတ (နိုင်) ၁၉၉၆၂၇တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန် ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွတ်ကြီးကျေးရွာအုပ်စု၊ စိန်ရွှေကုန်းရပ်ကွက်၊ မိုးကုတ်ကျောင်းလမ်း၊ ဦးပိုင်အမှတ် ၂၇/၂၉ဟုမှတ်သားတည်ရှိသည့် မျက်နှာစာ အလျား(၅၉)ပေ x ဘေးအရှည် အနံ (၁၆၀)ပေ အကျယ်ရှိ မြေကွက်အား မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ပြီး လိုအပ်သလိုစီမံခန့်ခွဲ ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဂျာလောဒ့်(ဘ)ဦးလမောင်နော် ၁/မကန(နိုင်) ၀၉၉၇၃၅ထံမှ ယင်းမြေကွက်အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်လျှိုအမ်ပေွ ၁၃/လရန(နိုင်) ၁၁၉၅၈၆က ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ယင်းမြေကွက်အရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကိုကိုစံ(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၅၁၈၅)**
**အခန်းအမှတ်(၉)၊ ဝေဟင်လမ်း၊ ဝေဘာဂီ(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၂၁၀၆၅၄၁၅၊ ၀၉-၇၈၃၆၆၇၅၂၂**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ ရွာမကျေးရွာရှိ အရှေ့လားသော် ဒေါ်လှလှငွေး နေအိမ်ခြံမြေ၊ အနောက်လားသော် ဒေါ်ခင်ခင်သန်း နေအိမ်ခြံမြေ၊ မြောက်လားသော်လမ်းမကြီး၊ တောင်လားသော် ဒေါ်ခင်ခင်သန်း ခြံမြေအကြားရှိ (၇၃x၆၀x၁၁၁x၁၁၁)ပေ အကျယ်အဝန်းရှိ ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံသူများဖြစ်သော ဦးကြည်ဝင်း ၇/မလန(နိုင်)၀၂၃၃၀၊ ဒေါ်ငွေး ၇/မလန(နိုင်)၀၃၅၁၃၆၊ ဒေါ်ခင်ခင်သန်း ၇/မလန(နိုင်)၀၃၅၁၃၈ထံမှ ဦးအောင်မျိုးသူ ၇/မလန(နိုင်)၁၁၄၈၇၁၊ ဒေါ်အိမွန်ထွေး ၇/မလန(နိုင်)၁၂၁၄၅၄က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏အချို့ စရန်ငွေကို ၂-၃-၂၀၂၄ရက်တွင် ပေးချေခဲ့ပြီး (၁၆-၃-၂၀၂၄)ရက်အထိ ကန့်ကွက်ခြင်းတစ်စုံတစ်ရာမရှိပါ၍ ထိုနေ့၌ပင် ခြံမြေအရောင်းအဝယ် ကတိစာချုပ်အား အပြီးသတ်ချုပ်ဆိုပြီး လက်ရောက်ရယူကာ လက်ရှိလက်ဝယ်ထား ပိုင်ဆိုင်နေပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးသန့်(တရားလွှတ်တော်ရှေ့နေ) LL.B.., DBL, Dip. in Eng. DL – 101 WIPO (Switzerland)**
**စဉ်-၁၃၀၃၄(၂၇- ၇- ၂၀၁၇)**
**(၄၅)မြို့လယ်လမ်း၊ စစ်ကွင်းမြို့၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**
**အင်းစိန်ခရိုင်တရားရုံးတော်**
**၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၃**

| | | |
|---|---|---|
| အင်းစိန်မြို့နယ်သမဝါယမအသင်းလီမိတက် | နှင့် | ၁။ ဒေါ်ခင်သန်းဝေ |
| | | ၂။ Pwint Law Firm |
| | | ၃။ ဦးတင့်ဇော်မိုး |
| (တရားလို) | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ်(၇)၊ (ပထမထပ်)၊ ခြေရင်းဘက်ထောင့်ခြမ်း၊ (အစွန်အခန်း) နေ (၂)တရားပြိုင် Pwint Law Firm (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးယူငွေကျပ် ၁၉၇၈၆၄၄၀၀အပေါ် အာမခံအဖြစ်ထားရှိသော တိုက်ခန်းအား ကာလပေါက်ဈေးဖြင့် တန်ဖိုးဖြတ်ပေးဆပ်ပြီး၊ ကျန်ငွေများကို ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၈၅ခုနှစ်၊ တပေါင်းလဆုတ် ၈ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ မတ်လ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မြည်မိမ်းအေး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**အင်းစိန်ခရိုင်တရားရုံး**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်နေ မမေသက်ခိုင်ဇော် (၉/မဟမ(နိုင်)၀၅၆၉၀၁)သည် မိဘ စကားကိုနားမထောင်ဘဲ မိမိသဘောဆန္ဒအလျှောက်နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်တင်အေး(၁၃/ရငန(နိုင်)၀၀၁၄၄၀)**

## ပတ်စ်ပို့ပျောက်

ဆီဆိုင်မြို့နေ (ဘ)စိုင်းမောင်၏သား စိုင်းထွန်းငွေ ၁၃/ဆဆန(နိုင်)၁၀၄၂၂၃၏နိုင်ငံကူးလက်မှတ်အမှတ် (MD-123559) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၄၀၆၆၀၉၈**

## အမည်ပြောင်း

ဦးခွန်နေဝင်းထွန်း၏ သား တောင်ကြီးမြို့ အောင်မြေသစ်ကိုယ်ပိုင်အထက်တန်းကျောင်း မှ Grade-9 ဖြေဆိုထားသော ခွန်အောင်မြတ်သိန်းအား ယနေ့မှစ၍ ခွန်အုပ်စိုးခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**ခွန်အုပ်စိုးခန့်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/78583, Zhineng-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဖြိုးဝေ ၁၄/ပသန(နိုင်) ၃၄၃၉၁၈ မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/10026, Harry Star 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောကော်ခူ ၁၄/ ပေတ(နိုင်)၁၆၃၃၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၁၉၅၄၁ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဆန်း ၁၀/မဒန(နိုင်) ၁၆၃၂၂၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၅၇၂၈၃ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်းဦး ၃/ကဆက(နိုင်) ၀၂၁၃၈၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရန်အောင်မြောက်၊ ဦးပိုင်အမှတ်(၄၂)၊ ဧရိယာ(၀.၁၁၆)ဧကရှိ ဦးအေးလွင်(ပါ)၂ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်မိုးမိုးလွင် ၉/ပမန(နိုင်)၀၂၇၆၄၅မှ အရောင်းအဝယ်စာချုပ်အမှတ် (၂၇/၁၉၇၇)၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၀၂၇/၂၀၂၄)၊ သေဆုံးခြင်းလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းကြေငြာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန်လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်အမှုသည်များဖြစ်သော ဦးဟန်ထွန်း-ဒေါ်စိုးစိုး၊ အမှတ်(၈၉)၊ မင်းလမ်း ရပ်ကွက်၊ ဘုရားကြီးမြို့၊ ပဲခူးတိုင်းဒေသကြီးနေသူ၏ သားဖြစ်သူ မောင်ပြည့်ဖြိုးပိုင် ၇/ပခန(နိုင်)၁၁၀၄၆၁သည် မိဘများလက်မခံနိုင်သော ကိစ္စရပ်များအား အကြိမ်ကြိမ် ကျူးလွန်ခဲ့ပြီး ယခုအခါ ၁၆-၃-၂၀၂၄ရက်တွင် မိဘများ မသိရှိအောင် ၎င်း၏ သဘောဆန္ဒအတိုင်း နေအိမ်မှ ထွက်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့် ကိစ္စရပ်အဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်နွယ်ဦး (စဉ်- ၉၁၆၃) တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၄၂၈၀၂၈၇၆၇**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၈) ရပ်ကွက်၊ ကျန်စစ်မင်းအိမ်ရာ၊ စုပေါင်းပိုင်အဆောက်အအုံ တိုက်အမှတ်(၄၉)၊ (၄)ခန်းတွဲ(၅)ထပ်တိုက်၊ အခန်းအမှတ်(၄၀၃)(စတုတ္ထထပ်)၊ အကျယ်အဝန်း ဧရိယာ(၁၁၅၀)စတုရန်းပေ (ဦးလွင်မြတ် အမည်ပေါက် စုပေါင်းပိုင်အဆောက်အအုံ ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အဆင့်ဆင့်စာချုပ်များဖြင့် တရားဝင် ဝယ်ယူလက်ရှိထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်တင်တင်ထွေး ၁၀/ပမန(နိုင်)၀၈၅၀၂၁မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးကျော်ဝင်း ၁၂/ဒဂတ(နိုင်)၁၅၇၂၇၅က "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်" ချုပ်ဆို၍ ရောင်းဖိုးငွေပေးချေကာ အပြီးအပိုင်ဝယ်ယူ လက်ရောက် ပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးကျော်ဝင်း** | **ဒေါ်ညိုမာထွေး(စဉ်- ၁၄၆၇၂)** |
| **(၁၂/ဒဂတ(နိုင်)၁၅၇၂၇၅ )** | **တရားလွှတ်တော်ရှေ့နေ** |
| | **အမှတ်(၇၉/ခ)၊ ခရေလမ်း၊ (၁၅)ရပ်ကွက်၊** |
| | **လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။** |
| | **ဖုန်း-၀၉-၄၂၀၂၉၄၀၀၄** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့ဟောင်း (၆)လမ်း၊ အမှတ်(၄၆၈)တွင် နေထိုင်သူများဖြစ်ကြသော ဦးကိုကိုလင်း(၁၂/မရက(နိုင်)၁၅၂၈၀၇) နှင့် ဒေါ်စန်းစန်းခိုင် (၁၂/မရက(နိုင်) ၁၄၅၂၉၆) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

အထက်အမည်ပါသူတို့၏ သားဖြစ်သူ မောင်ခေတ်စည်သူဟိန်း ၁၂/မရက(နိုင်)၁၈၆၇၆၁ သည် မိဘများ၏ဆို ဆုံးမမှုကို နားထောင်ခြင်း၊ လိုက်နာခြင်းမရှိသည့်အပြင် မိဘများကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုမူပြောဆိုနေထိုင်ပြီး မိဘများကိုရိုသေမှုမရှိသူဖြစ်ပါသည်။ လွန်ခဲ့သော ၁၂-၃-၂၀၂၄ ရက်တွင် မိဘများ၏နေအိမ်မှ ၎င်း၏သဘောဆန္ဒဖြင့် ဆင်းသွားပြီး ယနေ့အချိန်အထိ မိဘများကို ဆက်သွယ်ခြင်းမရှိဘဲ အဆက်အသွယ်ဖြတ်တောက်ထားပါသည်။

သို့ဖြစ်ရာ မောင်ခေတ်စည်သူဟိန်းနှင့် ပတ်သက်ပြီး မိဘများအမည်ကို အသုံးပြု၍ဖြစ်စေ၊ ၎င်း၏အမည်ဖြင့် တာဝန်ခံ၍ဖြစ်စေ ၎င်းပြုလုပ်သမျှနှင့် ၎င်းနှင့် သက်ဆိုင်သမျှသော ကိစ္စရပ်အဝဝအားလုံး မည်သည့် ကိစ္စရပ်ကိုမျှ မိဘများအနေဖြင့် တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချယ်ရီဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၁)**
**အမှတ် ၆၄၀၊ ဗိုလ်ချုပ်လမ်း၊(၁)ရပ်ကွက်**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉- ၄၀၁၅၅၁၆၆၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရက်ပြောင်းလဲခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ သမစိတ္တာကျေးရွာအနီး ရေပြင်တွင် သောင်တင်နေသည့် MV. SAM RATULANGI PB 1600 သင်္ဘောပျက်အား ဖျက်သိမ်း ဖယ်ရှား ရှင်းလင်းရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါအား မြန်မာ့အလင်းသတင်းစာ၌ (၇-၂-၂၀၂၄) ရက်တွင်လည်းကောင်း၊ ကြေးမုံသတင်းစာ၌ (၉-၂-၂၀၂၄) ရက်တွင် လည်းကောင်း ကြော်ငြာထည့် သွင်းခေါ်ယူခဲ့ပြီး တင်ဒါလျှောက်လွှာများအား (၂၃-၂-၂၀၂၄)ရက်နေ့ နောက်ဆုံးထားတင်သွင်းရန် ဖော်ပြခဲ့ပါသည်။

၂။ တင်ဒါလျှောက်လွှာတင်သွင်းမည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အဆင်ပြေစေရေးအတွက် တင်ဒါတင်သွင်းမည့်ရက်အား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်ကြောင်း အသိပေးအပ်ပါသည် -

(က) တင်ဒါလျှောက်လွှာများ နောက်ဆုံး - (၂၉-၃-၂၀၂၄)၊
တင်သွင်းရမည့်နေ့ရက်နှင့်အချိန် (၁၅:၀၀)နာရီ

(ခ) တင်ဒါပုံစံတင်သွင်းရမည့် နေရာ - စီမံရေးဌာနခွဲ၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၃။ တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်အချက်များကို သိရှိလိုပါက ဖုန်းနံပါတ်-၀၉-၅၁၉၄၁၁၀၊ ၀၉၄၀၂၇၅၈၄၃၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၇/မြို့မအနောက်ရပ်၊ မြေဧရိယာ(၀ဒသမ၀၅၅)ကေရှိ မြေကွက်အမှတ် (ပ-၃၀၁၈၁)ကို အမည်ပေါက် ဒေါ်ခင်အေးကြူ (ဘ)ဦးစိန်လှ ၁၂/စခန(နိုင်) ၀၀၅၃၇၂မှ ဒေါ်ဆွေဆွေတင့် (ဘ) ဦးဘိုချွန်(ခ)သန်းလှ ၁၄/မမန(နိုင်) ၀၀၃၁၉၄ နှင့်မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် သွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ရွှေအင်ကြင်းရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်း အနောက်ရပ်၊ မြေကွက်အမှတ် ဒ-၄၈၇၄၊ မြေဧရိယာ ၀.၀၈၂ ဧကရှိ ဒေါ်မွန်မွန် (ဘ)ဦးစိန်လွန်း ၅/ မရန(နိုင်) ၀၀၀၅၁၅ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်မွန်မွန်မှ ဒေါ်လှယမင်းဆွေ(ဘ)ဦးလှငွေ ၇/ရတရ(နိုင်) ၁၀၄၅၅၈ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက် အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိ မြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေကွက်အမှတ် (ပ-၃၃၀၈၂)၏ မြေချပါမစ် (စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးဝင်းမင်းစိုး ၁၂/ရကန(နိုင်) ၀၆၅၈၇၅(ဘ)ဦးဝင်းမင်းမှ မြေချပါမစ်(စလစ်)မိတ္တူမှန် ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက် ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ရက် ၃၀ အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/၂/ အောင်ချမ်းသာ(အောင်ဇမ္ဗူ)ရှိ မြေကွက်အမှတ်(၃)၊ ဧရိယာ(၀.၀၃၇)ကေအား အမည်ပေါက် ဒေါ်တင့်တင့်လွင် (ဘ) ဦးလှသောင်း ၉/ပမန(နိုင်)၂၂၀၈၅၂ မှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်(၇၁၃/၂၀၂၄)၊ ဝန်ခံကတိပြုချက်၊ ပတ်ဝန်းကျင် အသိသက်သေ(၃)ဦး သက်သေထွက်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

